ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၄ရက်၊ တနင်္လာနေ့၊ (23-2-2004) (၄၁၅၅)

ဂါရဝေါ စ
တေံ မင်္ဂလ မုတ္တမံ။

ရိုသေထိုက်သူကို ရိုသေခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်းဒါရူဆလမ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်၌ကျရောက်သော ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ၏ အနှစ်(၂၀)မြောက် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

(သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ ၁၉၅၇၄၁

ယနေ့ မြန်မာစာပေနယ်ပယ်ကြီးသည် အရောင်အသွေးစုံလင်သော ပန်းမာလာမျိုးစုံဖူးပွင့်နေသည့် ပန်းဥယျာဉ်ကြီးသဖွယ် အမျိုးသားရေး အကျိုးပြုသုတရသစာပေများစွာတို့ အစီအရီအပြိုင်အဆိုင် အင်နှင့်အားနှင့် ပေါ်ထွန်းလျက်ရှိ

မြန်မာစာပေ၏စွမ်းပကားဖြင့် တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကို စေ့ဆော်မြှင့်တင်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

၂၀၀၃ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် မကွေးတိုင်း ပခုက္ကူခရိုင် ပခုက္ကူမြို့ရှိ ပြည်သာယာခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများ ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ ပခုက္ကူတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီးစိန်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ အတွင်းရေးမှူး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းညွှန်ကြားရေးမှူး(သတင်း) ဦးလှထွန်း (လှထွန်း–တွံတေး)နှင့် ဗဟိုအမှုဆောင်များ၊ ပခုက္ကူတက္ကသိုလ်၊ ပညာရေးကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် အစိုးရ နည်းပညာကောလိပ်တို့မှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေး ကော်မတီဝင်များ၊ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)နှင့် အဖွဲ့ဝင်များ၊ ပညာရည်ချွန်ဆု ရွေးချယ်ချီးမြှင့်ရေးကော်မတီဝင်များ၊ စာပေဆု အလှူရှင် ပခုက္ကူဦးအုံးဖေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ စာပေဆုရရှိသူများ၊ ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် မိသားစုများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ပခုက္ကူ ပညာရေးကောလိပ်မှ လက်ထောက်ကထိက ဒေါ်နုနုလွင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် နည်းပြ ဒေါ်ချိုချိုဝင်းက ဆောင်ရွက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ၂၀၀၃ခုနှစ်အတွက် ကဗျာပေါင်းချုပ်ပထမဆုရ "ကမ္ဘာအသိ ဇာတိဂုဏ် ကဗျာများ" ရေးသားသူ ကောင်းညွန့်ဝေ(ရေစကြို) အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၃-၂-၂၀၀၄
(တနင်္လာနေ့)

ချည်မျှင်နှင့်အထည်စက်ရုံများ တိုးချဲ့တည်ဆောက် ပြည်သူများ၏ လိုအပ်ချက်နှင့်အညီတိုးမြှင့်ထုတ်လုပ်

ယနေ့ကာလသည် နိုင်ငံတော်က စီးပွားရေးဆိုင်ရာ မျှော်မှန်းချက်များဖြစ်သော ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ ပြည်ပသွင်းကုန် လျှော့ချပြီး သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ တိုးပွားရေး၊ ပြည်ပကုန်သွယ်ရေးချိန်ခွင်လျှာ မျှတအကျိုးရှိစေရေး စသည့်မျှော်မှန်းချက်များ ထားရှိဆောင်ရွက်နေချိန်ဖြစ်သည်။

နိုင်ငံတော်က စက်မှုလက်မှုလုပ်ငန်းများ အလျင်အမြန်တိုးတက်ပြီး စက်မှုနိုင်ငံတော်အဖြစ် ရောက်ရှိရေးအတွက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုဖွဲ့စည်း၍ လိုအပ်ချက်များကို ဘက်ပေါင်းစုံမှ ပံ့ပိုးကူညီအားပေးလျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံတွင် လူဦးရေ၅၃ သန်းကျော် ရှိနေပြီဖြစ်ရာ ပြည်သူများအတွက် အခြေခံအကျဆုံးလိုအပ်ချက်မှာ စားဝတ်နေရေး ဖူလုံရေးပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်သူများ၏ စားဝတ်နေရေး ဖူလုံပြည့်စုံစေရန် အစီအမံများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်က စက်ရုံများကို နိုင်ငံပိုင်ကဏ္ဍမှ အများပြည်သူသုံးနိုင်သော ပစ္စည်းများ ထုတ်လုပ်ပေးရန်၊ သွင်းကုန်အစားထိုး ဆောင်ရွက်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်စေရန်နှင့် နိုင်ငံခြားငွေ တိုးမြှင့်ရှာဖွေရန် ရည်ရွယ်ချက်များဖြင့် စက်ရုံအသစ်များကို တိုးချဲ့တည်ဆောက်၍ ကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က မြင်းခြံမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ (မြင်းခြံ)နှင့် ဆားလင်းကြီးမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဆားလင်းကြီး ချည်မျှင်နှင့် အထည်စက်ရုံ(စီမံကိန်း)လုပ်ငန်းခွင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ခရီးစဉ်အတွင်း သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားရာတွင် **ချည်မျှင်နှင့် အထည်စက်ရုံများမှာ ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ဒေသခံပြည်သူများ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားမှု၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းမှုတို့ကို ဖန်တီးပေးနိုင်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု လက်တွေ့အကောင်အထည်ဖော် ဖြစ်ထွန်းစေရေးနှင့် ဒေသခံပြည်သူများအတွက်လည်း အကျိုးကျေးဇူး ဖြစ်ထွန်းစေရအောင် လုပ်ငန်းများပြည့်မြောက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်** ပြောကြားခဲ့သည်။

မြင်းခြံမြို့ရှိ အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ (မြင်းခြံ)တွင် အဖြူချွတ်ထည်၊ ဆေးဆိုးထည်၊ ပန်းရိုက်ထည် စုစုပေါင်း ကိုက်နှစ်သိန်းခန့် ထုတ်လုပ်နိုင်ပြီး တစ်ရက်လျှင် အထည်ချောပိတ်ကိုက် ၈၀၀ ထုတ်လုပ်လျက်ရှိသည်။ ဆေးဆိုးပန်းရိုက်လုပ်ငန်းအတွက် ကုန်ကြမ်းပိတ်ကို တစ်နေရာတည်းမှာပင် ထုတ်လုပ်နိုင်ရေးအတွက် ရက်ကန်းစင် ၂၀၀ တပ်ဆင်လျက်ရှိကြောင်း သိရသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာနက ပြည်သူများ အထည်အလိပ်လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ရွှေတောင်၊ ပလိပ်၊ စစ်ကိုင်း ချည်မျှင်နှင့်အထည်စက်ရုံတို့အပြင် ပွင့်ဖြူ၊ ပခုက္ကူ၊ ဆားလင်းကြီး စက်ရုံသစ်များကို တိုးချဲ့တည်ဆောက်ပြီး အထည်အလိပ်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ယခုကဲ့သို့ စက်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ ဖွင့်လှစ်ခြင်းများကြောင့် ဒေသတစ်ခုချင်းအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းရေးတို့အတွက် များစွာအကျိုးပြုလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော ချည်မျှင်နှင့်အထည်စက်ရုံအသစ်များ အချိန်မီပြီးစီးရေး ကြိုးပမ်းကြရန်နှင့် ပြည်သူများ၏ လိုအပ်ချက်နှင့်အညီ အရည်အသွေးမီ အထည်အလိပ်များ တိုးမြှင့် ထုတ်လုပ်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုးပမ်းအားထုတ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဧည့်သည်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာလော်ဟောက်ဆိုင်နှင့် အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းလည်း တက်ရောက်သည်။

တည်ခင်းဧည့်ခံ

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာလော်ဟောက်ဆိုင်နှင့်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ည ၇နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျင်ကျွမ်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာလော်ဟောက်ဆိုင်အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန်နှင့်မန္တလေး အဝေးသင်တက္ကသိုလ်များ အနီးကပ်ပို့ချသင်တန်းနှင့် အတန်းတင်စာမေးပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

၂၀၀၃-၂၀၀၄ ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင် တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းများနှင့် အတန်းတင်စာမေးပွဲများကို ပထမအသုတ်အဖြစ် တတိယနှစ် သိပ္ပံအထူးပြုအားလုံး ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို ၂၀၀၄ခုနှစ် ဧပြီ ၅ရက်မှ ဧပြီ ၁၀ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဒုတိယအသုတ်အဖြစ် တတိယနှစ် ဝိဇ္ဇာ၊ ဥပဒေ၊ စီးပွားရေးအထူးပြုအားလုံးနှင့် စတုတ္ထနှစ် ဥပဒေ အထူးပြု ကျောင်းသားများအတွက် အနီးကပ်ပို့ချသင်တန်းများကို ၂၀၀၄ခုနှစ် ဧပြီ ၂၁ရက်မှ ဧပြီ ၃၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ တတိယနှစ် ဝိဇ္ဇာ၊ ဥပဒေ၊ စီးပွားရေးအထူးပြုအားလုံးနှင့် စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို ၂၀၀၄ခုနှစ် မေ ၄ရက်မှ မေ ၁၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါရက်များအတွင်း တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များတွင် စာမေးပွဲစစ်ဆေးခြင်း မပြုလုပ်ကြောင်းသိရသည်။ အသေးစိတ်အချိန်ဇယားကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်ဌာနခွဲများက အချိန်မီဆက်လက်ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ (သတင်းစဉ်)

အီရတ်အကျဉ်းသားများနှင့် အရပ်သားများ သေဆုံးမှု ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနကို တရားစွဲရန် စီစဉ်နေ

လန်ဒန် ဖေဖော်ဝါရီ ၂၁

ဗြိတိန် ကာကွယ်ရေးဝန်ကြီးဌာနသည် အီရတ်လူမျိုး ၁၈ ဦး သေဆုံးမှုနှင့် ပတ်သက်၍ တရားစွဲမှုများနှင့် ရင်ဆိုင်ရမည့် အခြေအနေရှိကြောင်း ဂါဒီယန်သတင်းစာက ဖော်ပြလိုက်သည်။ ဗြိတိန်တို့၏ ဘူကာထိန်းသိမ်းရေးစခန်းသည် နာမည်ဆိုးဖြင့် ကျော်ကြားနေသောစခန်းဖြစ်သည်။ ထိုစခန်းသည် အီရတ်တောင်ပိုင်း အွမ်ကာဆာဆိပ်ကမ်းအနီးတွင် တည်ရှိသည်။ ထိုစခန်းတွင် သေဆုံးခဲ့ရသော အီရတ်ခုနစ်ဦးမှာလည်း ဗြိတိန်တပ်ဖွဲ့ဝင်များ၏ ရက်စက်မှုကြောင့်ဟု သက်သေမကင်းဖြစ်ခြင်းကိုခံနေရသည်။

စုံစမ်းမှုပြုလုပ်

ထိုကိစ္စများကို ဗြိတိန်ပါလီမန်များနှင့် လူ့အခွင့်အရေးအဖွဲ့များအကြားတွင် တင်းမာစွာဆွေးနွေးကြပြီး သီးခြားလွတ်လပ်သော စုံစမ်းမှုများပြုလုပ်ပေးရန် တောင်းဆိုမှုများထွက်ပေါ်လာသည်။ ထိုတောင်းဆိုမှုများတွင် အကျဉ်းစခန်းအတွင်း သေဆုံးမှုများနှင့် ဘာဆရာဒေသအနီး အရပ်သားသေဆုံးမှုများကို စုံစမ်းရေးကိစ္စများလည်း ပါဝင်သည်။

သေဆုံး

အဆိုပါသေဆုံးမှုများအတွက် ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက တာဝန်မခံဟုဆိုသည်။ သို့ရာတွင် အချို့သောကိစ္စရပ်များတွင်မူ မိသားစုများကို နစ်နာကြေးပေးရန် ကမ်းလှမ်းမှုများပြုလုပ်ခဲ့သည်ဟုဆိုသည်။ အဖြစ်အပျက်တစ်ခုတွင် ဝါလစ်ဖါယာရီမူဇ်ဘန်ဆိုသူသည် ကားဖြင့်သွားနေစဉ် ဗြိတိန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည်။

တရားစွဲဆိုရန် ပြင်ဆင်

ထိုကိစ္စတွင် သေဆုံးသူ၏ မိသားစုကို ဒေါ်လာ ၁၀၀၀ ပေးကမ်းရန် ကမ်းလှမ်းခဲ့သည်။ ၎င်းကမ်းလှမ်းငွေ ပမာဏမှာ မတန်တဆနည်းပါးနေသည်ဖြစ်၍ သင့်တော်သော နစ်နာကြေးရရှိစေရန် ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနကို တရားစွဲရန် ပြင်ဆင်နေသည်ဟု ရှေ့နေများက ပြောကြားသည်။

လိုက်ပါဆောင်ရွက်

အီရတ် ၁၈ ဦးသေဆုံးရမှုသည် ဗြိတိန်တပ်ဖွဲ့ဝင်များ ကျူးလွန်မှု၏ တစ်စိတ်တစ်ပိုင်းမျှသာရှိသေးသည်။ ထိုကိစ္စများနှင့် ပတ်သက်လျှင် ဗြိတိန်လက်နက်ကိုင်တပ်ဖွဲ့များတွင် တာဝန်ရှိသည်ဆိုသောအချက်မှာ ထင်ရှားသည်။ အကြောင်းမှာ ဗြိတိန်တပ်ဖွဲ့ဝင်များသည် ပြည်သူများကို မကြာခဏမှားယွင်း ပစ်ခတ်နေသောကြောင့်ပင်ဖြစ်သည်ဟု ရှေ့နေဖိလ်ရှီနာက ပြောကြားသည်။

ထိုရှေ့နေမှာ ပြည်သူ့အကျိုးစီးပွား အကျိုးဆောင်များအဖွဲ့မှ ဖြစ်သည်။ ထိုအဖွဲ့သည် ယခုကဲ့သို့ မတရားသေဆုံးမှုများနှင့် နစ်နာဆုံးရှုံးမှုများအတွက် လိုက်ပါဆောင်ရွက်ပေးနေသော အဖွဲ့ဖြစ်၏။

ပေးကမ်း

ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ အီရတ်များထံသို့ ယခုပေးရန် ကမ်းလှမ်းသောငွေကြေးမှာ စေတနာအလျောက် ပေးကမ်းမှုသာဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် တာဝန်ယူအာမခံသည့် သဘောမျိုး မသက်ရောက်ဟုဆိုသည်။

အင်တာနက်။

ဆေးဝါး ကုသ

ဖေဖော်ဝါရီ၁၉ ရက်က အီရတ်နိုင်ငံ ဆာမာဝါမြို့ဆေးရုံသို့ ဆေးဝါးကုသမှုခံယူရန် သားငယ်ဖြစ်သူကို ချီပွေ့လာသည့် အီရတ်နိုင်ငံသားတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဖေဖော်ဝါရီ၂၁ ရက်က အီရတ်နိုင်ငံ ဟာဆဝါဒေသတွင် တိုက်ခိုက်ခံရပြီးနောက် ပျက်စီးသွားသည့် အရပ်ဘက်ကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အီရတ်ရောက် အမေရိကန်တပ်ဖွဲ့ဝင်များ ကိုယ့်ကိုယ်ကိုယ်သတ်သေမှု စိတ်ကျန်းမာကြံ့ခိုင်မှုစုံစမ်းစစ်ဆေးတွေ့ရှိချက် ထုတ်ပြန်ရန် စီစဉ်နေ

လပ်ဖ်ကင်(တက္ကဆက်)
ဖေဖော်ဝါရီ ၂၂

တက္ကဆက်ပြည်နယ် ဆီဒါဂရို့ဗ်သချိုင်းသို့ ကွယ်လွန်သူ အမေရိကန်တပ်ဖွဲ့ဝင် ဂျိုးဇက်ဒေဝိန်းဆွဲလ်၏ ဆွေမျိုးသားချင်း မိသားစုများ တစ်ခုသော တနင်္ဂနွေ ညနေတွင် သွားရောက်ခဲ့ကြသည်။

- စေလွှတ်ခဲ့ -

အမေရိကန်ကြည်းတပ် ထောက်ပံ့ရေးတပ်ဖွဲ့ဝင် ဆွဲလ်ကို ၂၀၀၃ခုနှစ် ဧပြီလတွင် အီရတ်သို့ စေလွှတ်ခဲ့သည်။ အီရတ်၌ တာဝန်ထမ်းဆောင်စဉ် နှစ်လမပြည့်မီအတွင်း သေဆုံးသွားသည်။

- အသိပေး -

မည်သည့်အတွက်သေဆုံးရသည်ကို မိသားစုက သိလိုကြောင်း မေတ္တာရပ်ခံသဖြင့် ဂျိုးဇက်ဒေဝိန်းဆွဲလ်(၂၄နှစ်)မှာ ဖခင်များနေ့တွင် ဆေးအလွန်အကျွံ သောက်ပြီး သေဆုံးသွားကြောင်း ဆိုင်ရာက အသိပေးခဲ့သည်။ ယင်းမှာ လွန်ခဲ့သည့်နှစ်က အီရတ်၌ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားသော အမေရိကန်တပ်ဖွဲ့ဝင် ၂၂ဦး၏ အမှုများအနက် အမှုတစ်မှုဖြစ်သည်။

- စုံစမ်းရန် -

ကိုယ့်ကိုယ်ကိုယ်သတ်သေမှုများအပါအဝင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ စိတ်ကျန်းမာကြံ့ခိုင်မှုကို စုံစမ်းစစ်ဆေးရန် အီရတ်သို့ ဆောင်းဦးပေါက်က စေလွှတ်ခဲ့သည့် အဖွဲ့တစ်ဖွဲ့၏တွေ့ရှိချက်များကို ထုတ်ပြန်ရန် အမေရိကန်စစ်ဌာနချုပ်က စီစဉ်နေသည်ဆို၏။

- စိတ်ရောဂါကုသ -

သို့သော် ထိုစာရင်းတွင် စုံစမ်းစစ်ဆေးဆဲအမှုများ မပါဝင်သည့်အပြင် အမေရိကန်သို့ ပြန်ရောက်ပြီးမှ ကိုယ့်ကိုယ်ကိုယ် သတ်သေမှုများလည်း မပါဝင်ပေ။ ဥပမာဆိုလျှင် ဝါရှင်တန်ရှိ ဝေါလ်တာရိကြည်းတပ် စစ်ဆေးရုံတွင် တက်ရောက်ကာ စိတ်ရောဂါကုသမှုခံယူနေသူ တပ်ဖွဲ့ဝင်နှစ်ဦးမှာ ၂၀၀၃ ခုနှစ် ဇူလိုင်လနှင့် လွန်ခဲ့သည့်လက ကိုယ့်ကိုယ်ကိုယ်သတ်သေသွားကြသည်ဆို၏။ ကိုယ့်ကိုယ်ကိုယ် သတ်သေသည်ဟု မသင်္ကာဖွယ် ဖြစ်မှုများကို ကြည်းတပ် ရာဇဝတ်မှုရေးရာဌာနခွဲက စုံစမ်းမည်ဟု ဆေးရုံအရာရှိတစ်ဦးက ပြောဆိုသည်။ ***အင်တာနက်။***

စီအိုင်အေ အကြီးအကဲ ကွန်ဂရက်ကိုလှည့်စား အထက်လွှတ်တော်အမတ် ဝေဖန်ပြောကြား

ဝါရှင်တန် ဖေဖော်ဝါရီ ၂၁

အီရတ်နိုင်ငံ၌ အဖျက်စွမ်းအားမြင့်မားသည့် လက်နက်များရှိသည်ဟု သင်္ကာမကင်းဆုံးနေရာအဖြစ် အမေရိကန်ထောက်လှမ်းရေးက စစ်မဖြစ်မီက ရရှိခဲ့သည့်နေရာ ၁၀၅ နေရာအနက်မှ ၂၁ နေရာအကြောင်းကို ကုလသမဂ္ဂသို့ အသိမပေးခဲ့ကြောင်း စီအိုင်အေက ဝန်ခံထားသည်။

မီချီဂန်ပြည်နယ် ဒီမိုကရက်တစ်အထက်လွှတ်တော်အမတ် ကားလ်လေဗင်ထံ ဇန်နဝါရီ ၂၀ ရက်နေ့စွဲဖြင့် ပေးပို့မည့် အဆိုပါဝန်ခံချက်မှာ စစ်မဖြစ်မီက သမ္မတဘုရှ်အစိုးရ၏ ထိပ်တန်းအရာရှိနှစ်ဦး လူသိရှင်ကြားပြောကြားချက်နှင့် ဆန့်ကျင်နေသည်။ အီရတ်၌ လက်နက်ရှာဖွေရာတွင် မသင်္ကာဖွယ်နေရာများကို အမေရိကန်က ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးများအား အသိပေးရှင်းပြထားကြောင်းဖြင့် စီအိုင်အေညွှန်ကြားရေးမှူး ဂျော့တင်းနက်နှင့် အမျိုးသားလုံခြုံရေး အကြံပေးအရာရှိ ကွန်ဒိုလီဇာရိုက်တို့က ပြောကြားသည်။ ထိုဆန့်ကျင်ကွဲလွဲချက်မှာ များစွာအရေးကြီးကြောင်း၊ အဘယ်ကြောင့် ဆိုသော် အီရတ်သို့မကျူးကျော်မီ ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးများအား လက်နက်ရှာဖွေမှု အပြီးတိုင်အောင် အချိန်တိုးပေးသင့်ကြောင်း စစ်ဆန့်ကျင်သူ အမေရိကန်ကွန်ဂရက်အမတ်များက လွန်ခဲ့သည့်တစ်နှစ်က ပြောကြားခဲ့ခြင်းကြောင့်ဖြစ်သည်။

အမေရိကန်သမ္မတအိမ်ဖြူက လက်နက်စစ်ဆေးရေးမှူးများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ပြီး အကောင်းဆုံးသတင်းများကို ပေးခဲ့သည်ဟု အခိုင်အမာပြောဆိုသည်။ ယခုအခါတွင် စီအိုင်အေညွှန်ကြားရေးမှူးသည် ကွန်ဂရက်ကို လှည့်စားခဲ့သည်အတွက် လုံးဝလက်ခံနိုင်စရာမရှိကြောင်းဖြင့် အထက်လွှတ်တော်အမတ် လေဗင်က သောကြာနေ့က တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားလိုက်သည်။ ***အင်တာနက်။***

စစ်ဆေး

ဖေဖော်ဝါရီ ၂၁ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့တွင် ယာဉ်တန်းကို စစ်ဆေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

တာဝန်ပြီး၍ အိမ်ပြန်ကြမည့် ကန်တပ်ဖွဲ့ဝင်များ စီးနင်းလာသည့်ယာဉ်တန်း ဗုံးခွဲခံရ၍ တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိ

ဘာလက် ဖေဖော်ဝါရီ ၂၁

အီရတ်တွင် တစ်နှစ်ကြာတာဝန်ထမ်းဆောင်ပြီးနောက် အိမ်ပြန်ကြမည့် ထောင်ပေါင်းများစွာသော အမေရိကန်တပ်ဖွဲ့ဝင်များစီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တန်းကို ဗုံးခွဲတိုက်ခိုက်ပြီးနောက် အနည်းဆုံးအမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်အရာရှိတစ်ဦးက ပြောဆိုသည်။



ဖေဖော်ဝါရီ ၂၁ ရက်က အီရတ်နိုင်ငံ ဟာဆဝါဒေသတွင် ချုံခိုတိုက်ခိုက်ခံရပြီးနောက် ပျက်စီးသွားသည့် ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြောကြား

ဘာလက်မြို့ တောင်ဘက်အနီး အမေရိကန် စစ်ကားတစ်စီးကို ဗုံးမှန်ပြီးနောက် ဒဏ်ရာရသူ အမှတ်(၄) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်တစ်ဦးကို အမေရိကန် ရဟတ်ယာဉ်ဖြင့်သယ်ဆောင်သွားကြောင်း ဗိုလ်မှူး ဒေါက်ကလပ်ဘက်က အေအက်ဖ်ပီသို့ ပြောကြားသည်။ ဘာလက်မြို့မှာ ဘဂ္ဂဒက်မြို့တော်မြောက်ဘက် ၅၅ မိုင်ခန့် အကွာတွင် တည်ရှိသည်။

ဆွန်နီတြိဂံနယ်မြေတွင် တစ်နှစ်ကြာ တာဝန်ထမ်းဆောင်သည့် အင်အား ၃၀၀၀၀ ရှိ အိုင်းယင်းဟောဖ်တိုက်ခိုက်ရေးတပ်မှ တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြို့တော်သို့သွားသည့် လမ်းမကြီးအတိုင်း မော်တော်ယာဉ်တန်းများဖြင့် ထွက်ခွာလာကြခြင်းဖြစ်သည်။

ခရီးဆက်

ဘဂ္ဂဒက်မြို့တော်သို့ရောက်ရှိပြီးနောက် ကူဝိတ်နိုင်ငံသို့ ခရီးဆက်ကြရမည်ဖြစ်ပြီး ကူဝိတ်မှ အမေရိကန်နိုင်ငံသို့ လေကြောင်းမှတစ်ဆင့် ပြန်ကြမည် ဖြစ်သည်။

ဘဂ္ဂဒက်မြို့တော်မြောက်ဘက်နှင့် အနောက်ဘက်ရှိ ဆွန်နီတြိဂံဒေသ တပ်အပြောင်းအလဲတွင် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၂၀၀၀၀၀ခန့် ပါဝင်သည်။

အင်တာနက်။

ဗြိတိန်လက်နက်စစ်ဆေးရေးမှူး ကယ်လီအမှု စီရင်ချက် မကျေနပ်ကြ၍ သတင်းစာသို့ ပေးစာပို့

လန်ဒန် ဖေဖော်ဝါရီ ၂၁

အီရတ်၏ ဖျက်အားပြင်းလက်နက်များနှင့် ပတ်သက်၍ ဗြိတိန်တွင် နိုင်ငံရေး ပြဿနာတက်ခဲ့သည်။ ထိုကိစ္စနှင့် ပတ်သက်၍ ဗြိတိန်တွင် နိုင်ငံရေး ပြဿနာတက်ခဲ့သည်။ ထိုကိစ္စနှင့်ဆက်စပ်နေသော ဗြိတိန် လက်နက်ကျွမ်းကျင်သူ သေဆုံးရသော အမှုကို တရားသူကြီးက ကိုယ့်ကိုယ်ကိုယ်သတ်သေမှုသာ ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချခဲ့သည်။

သို့ရာတွင် အချို့က ကယ်လီအမှုနှင့်ပတ်သက်၍ ရုံးတော်၏ ချမှတ်ချက်အပေါ် စောဒကတက် မေးခွန်းထုတ်ကြသည်။ ဒေးဗစ်ကယ်လီသည် ၎င်း၏ လက်ကောက်ဝတ်ရှိ သွေးကြောကိုဖြတ်ပြီး သွေးအထွက်လွန်ကာ သေဆုံးခဲ့သည်ဟု သိရသည်။ သေဆုံးရာနေရာအနီးတွင် ဆေးများမရှိတော့သော အကိုက်အခဲနှင့် နာကျင်မှုပျောက်ဆေးထုပ်ကိုပါ တွေ့ရှိခဲ့သည်ဟုဆိုသည်။

ထိုအမှုကို စစ်ဆေးသူ တရားသူကြီး လော့ဒ်ဟက်တန်သည် ကယ်လီ၏ အလောင်းကို ဆေးစစ်ချက်ယူခဲ့သော ဆရာဝန်၊ သွေးကိုခွဲစိတ်သူ ပညာရှင်၊ ထိုအမှုကို ကိုင်တွယ်ရယူ ရဲနှင့် အောက်စဖို့တက္ကသိုလ်မှ ကိုယ့်ကိုယ်ကိုယ်သတ်သေမှု ကျွမ်းကျင်သူတို့ကိုပါ စစ်ဆေးခဲ့သည်။

ဆေးပညာကျွမ်းကျင်သူ ဒေါက်တာအင်ဒရူးရော့စ်နှင့် အခြားခြောက်ဦးတို့က သေစေနိုင်သည်ဆိုသော အချက်မှာ ခိုင်လုံဖွယ်ရာမရှိဟု ဂါးဒီးယန်းသတင်းစာသို့ ပေးစာတွင် ဖော်ပြခဲ့သည်။ ကယ်လီ၏ အရွယ်ရှိ လူတစ်ဦး၏ သွေးကြောကို ဖြတ်၍ အနာဖြစ်စေလျှင် သွေးကြောသည် အလိုအလျောက် သွေးခဲ၍ ပိတ်သွားနိုင်သည်ဟု အချို့က ဆိုကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

လူလိုက်ပါမည့် ဒုတိယမြောက် အာကာသယာဉ် လာမည့်နှစ်တွင် လွှတ်တင်ရန် တရုတ်ပြည်စီစဉ်

ပေကျင်း ဖေဖော်ဝါရီ ၂၁

တရုတ်ပြည်သည် လာမည့်နှစ်တွင် လူလိုက်ပါမည့် ဒုတိယမြောက် အာကာသယာဉ်လွှတ်တင်ရန် စီစဉ်ထားကြောင်း တရုတ်အာကာသယာဉ် ဒီဇိုင်းပညာရှင် ဝမ်ယူရှင်းက ပြောကြားလိုက်ကြောင်းသိရသည်။

နောက်ထပ်လွှတ်တင်မည့် ရှင်ကျိူ့-၆သည် အာကာသယာဉ်မှူး နှစ်ဦးကို သယ်ဆောင်သွားမည်ဖြစ်သည်။ ထို့အပြင် အာကာသအတွင်း ရက်အတန်ကြာ နေထိုင်ရန်လည်း စီစဉ်ထားသည်။

ပြီးဆုံး

ပဏာမရွေးချယ်ထားသည့် အာကာသယာဉ်မှူးများသည် အပြင်းအထန်ကြိုးစားလေ့ကျင့်လျက်ရှိပြီး ရှင်ကျိူ့-၆ ၏ ဒုံးပျံစနစ်အတွင်းရှိ အစိတ်အပိုင်းများကိုလည်း စမ်းသပ်စစ်ဆေးမှု ပြီးဆုံးပြီဖြစ်သည်။

အဆိုပါပညာရှင်က တရုတ်ပြည်အနေဖြင့် အာကာသနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိပြီး ၂၀၀၇ ခုနှစ်တွင် အာကာသဓာတ်ခွဲခန်းတစ်ခု ထူထောင်ရန်လည်း ကြံရွယ်ထားကြောင်း တရားဝင်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ရည်မှန်းချက်သည် ကိုယ်ပိုင်အာကာသစခန်းတစ်ခု ထူထောင်ရန်ဖြစ်ကြောင်း စီစီတီဗွီ သတင်းဌာနက ဖော်ပြသည်။ ***စီစီတီဗွီ။***



အစီရင်ခံစာမိတ္တူ

ဖေဖော်ဝါရီ၂၀ ရက်က ဗြိတိန် လက်နက်စစ်ဆေးရေးမှူး ဒေးဗစ်ကယ်လီသေဆုံးရမှုနှင့်စပ်လျဉ်းသည့်လော့ဒ်ဟက်တန်၏ အစီရင်ခံစာ မိတ္တူများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အဝေးသင်ပညာရေးစနစ် တရုတ်နိုင်ငံတွင် တိုးမြှင့်

ပေကျင်း ဖေဖော်ဝါရီ ၂၁

တရုတ်ပြည်တွင် ယခုနှစ် ဇူလိုင်လမှ စတင်၍ ကျေးလက် ဒေသများအတွက် ကောလိပ်အဆင့် ကျောင်းသားများကို အဝေးသင်ပညာရေးစနစ်ဖြင့် စမ်းသပ်ဒေသများတွင် လေ့ကျင့်သင်ကြားပေးမည် ဖြစ်သည်။

ရည်ရွယ်

ရွာတစ်ရွာ ကောလိပ်တစ်ကျောင်း စီမံကိန်းကို ပညာရေးဝန်ကြီးဌာနက စတင် အကောင်အထည်ဖော်ရာတွင် ကျေးလက်ဒေသများအတွက် ကျွမ်းကျင်သူများနှင့် မန်နေဂျာများဖြည့်ဆည်းပေးရန် ရည်ရွယ်ကြောင်း ဒုတိယပညာရေးဝန်ကြီး ဝူကျိုတီက ပြောကြားသည်။

ကျေးလက်ဒေသမှ ကျောင်းသားများသည် အစိုးရစာမေးပွဲကို ဖြေဆိုအောင်မြင်ပြီးနောက် ကောလိပ်ကျောင်းသို့ဝင်ခွင့်ရကြမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ကျေးလက်သို့ မပြန်တော့ဘဲ မြို့ပေါ်၌ အလုပ်ဝင်ရောက်လုပ်ကိုင်နိုင်ကြမည်ဖြစ်၍ ဂုဏ်ပြုထိုက်သော လုပ်ရပ်အဖြစ် တရုတ်အစိုးရက မှတ်ယူထားသည်။

အဆိုပါစီမံကိန်းအရ ကောလိပ်အဆင့်အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ကျေးလက်ဒေသအတွက် သင်ကြားပေးမည်ဖြစ်သည်။

တရုတ်ဗဟိုရေဒီယိုနှင့် ရုပ်မြင်သံကြားတက္ကသိုလ်၏ အဝေးသင်ပညာရေးစနစ်နှင့် တစ်နိုင်ငံလုံးရှိအဝေးသင်ပညာရေးဌာနများ၊ စိုက်ပျိုးရေးကောလိပ်များ၏ ပညာရေးဆိုင်ရာ ဌာနများနှင့် ကွန်ပျူတာများကို သုံးစွဲကာ အဆိုပါသင်တန်းများကို ပို့ချမည်ဖြစ်သည်။

ပို့ချမည်

သတင်းနည်းပညာ အသုံးပြုခြင်း၊ စီမံခန့်ခွဲရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဲ့သို့သော လက်တွေ့ပညာရပ်များ၊ ကုန်ပစ္စည်းထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးရေးထွက်ကုန်များ ရောင်းချခြင်း၊ သက်ဆိုင်ရာဥပဒေပညာရပ်များကို အဆိုပါသင်တန်းများတွင် ပို့ချမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အဝေးပြေးလမ်းမကြီးတွင် အမေရိကန် စစ်ဘက်ဆိုင်ရာယာဉ်တန်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ကြည်းတပ်အစောင့်တပ်သား ဘဂ္ဂဒက်တောင်ပိုင်း၌ ကင်းလှည့်စဉ်သေဆုံး

ဆန်ဒီဂို ဖေဖော်ဝါရီ ၂၁

အမေရိကန်ကြည်းတပ် အမျိုးသားအစောင့်တပ်မှ တပ်ဖွဲ့ဝင် အဲရစ်ရာမီရက်ဇ်(၃၁နှစ်)မှာ မိသားစုနှင့်ပြန်တွေ့ခွင့်ပေးပြီး ရက်သတ္တနှခြောက်ပတ်ခန့်အကြာ လွန်ခဲ့သည့်ရက်သတ္တပတ်က ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် ကင်းလှည့်စဉ်သေဆုံးသွားသည်။

သေဆုံး

အဘူဂါရစ်အကျဉ်းစခန်းအနီးကင်းလှည့်မော်တော်ယာဉ်ကို မောင်းလာစဉ် ဖေဖော်ဝါရီ၁၂ရက်က ဗုံးဖောက်ခွဲတိုက်ခိုက်ခံရပြီး ထိမှန်ကာ ရာမီရက်ဇ်မှာ ချက်ချင်းဆိုသလိုပင် သေဆုံးသွားကြောင်း ၎င်း၏ကျန်ရစ်သူဇနီးထရေစီဘင်ဆန်ရာမီရက်ဇ်က ပြောကြားသည်။

ဆန်ဒီဂိုမှ အစောင့်တပ်ဖွဲ့အဲရစ်ရာမီရက်ဇ်က သူ့အားမိသားစုနှင့် အတူနေထိုင်ရန် ဆောလျင်စွာ အိမ်ပြန်ခွင့်ပြုရန် အမေရိကန်ကြည်းတပ်သို့အသနားခံထားသည်။ သားသမီးငယ်နှစ်ယောက်မှာ နာမကျန်းဖြစ်နေပြီး ယောက္ခမကြီးမှာလည်း မကြာသေးမီကသေဆုံးသွားခဲ့သည်ဟုသိရသည်။

မသေသင့်ဘဲသေ

ဇနီးဖြစ်သူထရေစီဘင်ဆန်ရာမီရက်ဇ်က သူ့ခင်ပွန်းရာမီရက်ဇ်မှာ မသေသင့်ဘဲသေဆုံးခြင်းဖြစ်ကြောင်း ဆန်တီဂိုယူနီယံထရီဗြွန်းသို့ ပြောပြသည်။

(အင်တာနက်)

ကင်းလှည့် စောင့်ကြပ်

ဖေဖော်ဝါရီ၂၁ရက်ကအီရတ်နိုင်ငံ တီကရစ်မြို့တွင်ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တင့်ကားနှစ်စီးကိုတွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အာရှ–ပစိဖိတ် သစ်တောကျွမ်းကျင်သူများ ဖီဂျီ၌ကျင်းပမည့်ညီလာခံ တက်ရောက်မည်

ဝယ်လင်တန် ဖေဖော်ဝါရီ ၂၂

ဖီဂျီနိုင်ငံတွင် ယခုနှစ်ဧပြီလ၌ ၂၀ ကြိမ်မြောက်အာရှ–ပစိဖိတ်ဒေသ သစ်တောညီလာခံကျင်းပမည်ဖြစ်ကြောင်း စနေနေ့က နယူးဇီလန်နိုင်ငံသို့ရောက်ရှိလာသော သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အဆိုပါညီလာခံကို ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)နှင့် ဖီဂျီနိုင်ငံ ငါးလုပ်ငန်းနှင့် သစ်တောဝန်ကြီးဌာနတို့၏ ပူးတွဲစီစဉ်မှုဖြင့် ဧပြီ ၁၉ရက်မှ ၂၃ရက်ထိကျင်းပမည်ဖြစ်သည်။

အဆိုပါညီလာခံသို့ အဖွဲ့ဝင် ၂၉နိုင်ငံမှ သစ်တောရေးရာကျွမ်းကျင်သူများကိုလည်း ဖိတ်ကြားထားပြီး ဒေသတွင်းရှိ သစ်တောများကိုအဆက်မပြတ်ကာကွယ်ထိန်းသိမ်းရေးနှင့် ရေရှည်အသုံးပြုရေးကိစ္စများနှင့် ပတ်သက်သော အကြံပြုချက်များ ချမှတ်ကြမည်ဟု ညီလာခံဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူးနှင့် ဖီဂျီငါးလုပ်ငန်း၊ သစ်တောဝန်ကြီးရုံး လူထုဆက်ဆံရေး အရာရှိ ဆမ်းမီဆွန်နီက ပြောကြားသည်။

ထို့အပြင် အဆိုပါညီလာခံသို့ ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများမှ သစ်တောရေးရာတာဝန်ရှိ ပုဂ္ဂိုလ် ၁၀၀နှင့် ၁၅၀ အကြား တက်ရောက်မည်ဟုလည်း ၎င်းက ပြောကြားသည်။

အာရှ–ပစိဖိတ်ဒေသသစ်တောညီလာခံကို ၁၉၄၉ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး၊ အဆိုပါညီလာခံများက ဒေသတွင်း ဖြစ်ပွားလျက်ရှိသော အဓိကကျသည့် သစ်တောရေးရာပြဿနာရပ်များနှင့် ပတ်သက်၍ အကြံပြုခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဖေဖော်ဝါရီ ၂၁ ရက်က အီရတ်နိုင်ငံ ဟာဆဝါဒေသတွင် ချုံခိုတိုက်ခိုက်ခံရပြီးနောက် ပျက်စီးသွားသည့် ယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံ ဖော်လူဂျာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ် ဗုံးကွဲ၍ လေးဦးဒဏ်ရာရ

အယ်တိုနာ(ပင်ဆယ်ဗေးနီးယား) ဖေဖော်ဝါရီ ၂၁

ဘလဲခရိုင်မှ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် ကင်းလှည့်တာဝန်ထမ်းဆောင်နေစဉ် လက်ပစ်ဗုံးပေါက်ကွဲခဲ့သောကြောင့် ပြင်းထန်စွာ ဒဏ်ရာရခဲ့ကြောင်း ဒဏ်ရာရအမေရိကန်တပ်ဖွဲ့ဝင်၏ မိခင်ကပြောကြားသည်။

ဗုံးပေါက်ကွဲ

ဒဏ်ရာရသွားသူ တပ်ဖွဲ့ဝင်မှာ ဘရန့်ဒန်အက်ဒမ်ဖြစ်သည်။ တနင်္လာနေ့က ၎င်းနှင့်အတူ အခြားတပ်ဖွဲ့ဝင်သုံးဦးတို့သည် ဖော်လူဂျာမြို့ရှိ အိမ်တစ်အိမ်သို့အဝင်တွင် လက်ပစ်ဗုံးပေါက်ကွဲမှုနှင့် ကြုံကြရခြင်း ဖြစ်သည်။

မိခင်ဖြစ်သူကယ်ရောအက်ဒမ်က သူမ၏သားနှင့် အခြားတပ်ဖွဲ့ဝင်တစ်ဦးမှာ ဒဏ်ရာပြင်းထန်ပြီး အခြားတပ်ဖွဲ့ဝင်နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ခြင်းမရှိကြောင်း စစ်ဖက်မှ အကြောင်းကြား၍ သိရကြောင်း ပြောပြသည်။

တပ်ဖွဲ့ဝင်အက်ဒမ်မှာ ခေါင်းတွင် ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည့်အပြင် ညာလက်၊ ညာခြေထောက်နှင့် တင်ပါးဆုံတို့၌လည်း ထိမှန်ခံခဲ့ရသည်။

ယခုအခါ ၎င်းကို ဂျာမနီနိုင်ငံ မင်ဟိန်တက္ကသိုလ်ဆေးရုံသို့ သယ်ဆောင်သွားပြီး ခွဲစိတ်ပေးဖွယ်ရာရှိသည်။ ထို့နောက်တွင် ဝါရှင်တန်ရှိ ဝေါလတာရိဒ်စစ်ဆေးရုံသို့ လွှဲပြောင်းပေးပို့မည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဖေဖော်ဝါရီ ၁၆ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့အနီး အာမရီဟာကျေးရွာတွင် အမေရိကန်တို့ တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သည့် နေအိမ်တစ်အိမ်အား ကြည့်ရှုနေသည့် အီရတ်နိုင်ငံသားများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်နှင့် ဥရောပ ကုန်သွယ်မှုတိုးမြှင့်မည်

တီယင်ကျင်း ဖေဖော်ဝါရီ ၂၂

တရုတ်ပြည်နှင့် ဥရောပနိုင်ငံများအကြား ရေကြောင်းလိုင်းအသစ်ဖွင့်လှစ်သည့် အထိမ်းအမှတ် အဖြစ် ဆိုက်ပရက်နိုင်ငံအလံလွှင့်ထူထားသော သင်္ဘောတစ်စင်းသည် ကုန်သေတ္တာအလုံး ၂၅၀၀တင်ဆောင်ကာ ကြာသပတေးနေ့ ညပိုင်းတွင် ဗြိတိန်နိုင်ငံသို့ ထွက်ခွာသွားသည်။

လမ်းခရီးတွင် တရုတ်ပြည်နှင့် ဥရောပနိုင်ငံများရှိ ဆိပ်ကမ်းအချို့သို့လည်း ဝင်ရောက်ဆိုက်ကပ်မည်ဖြစ်သည်။

အဆိုခရီးစဉ်သည် တီယင်ကျင်းဆိပ်ကမ်းမှစတင်ကာ ချင်တောင်း၊ ရှန်ဟဲ၊ နင်ဘောင်၊ ဟောင်ကောင်၊ မလေးရှားနိုင်ငံ ဆိပ်ကမ်းမြို့များအပြင် ဘယ်ဂျီယံ၊ ဂျာမနီနိုင်ငံ ဆိပ်ကမ်းများသို့ဝင်ရောက်ပြီး ဗြိတိန်နိုင်ငံသို့ ရောက်ရှိမည်ဖြစ်သည်။

ယခု ခရီးစဉ်သစ်ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်မှာ တရုတ်ပြည်နှင့် ဥရောပနိုင်ငံများအကြား ကုန်သွယ်မှုပမာဏတိုးမြှင့်ရန်ဖြစ်ကြောင်း တရုတ်ပြည်သင်္ဘောပို့ဆောင်ရေးကော်ပိုရေးရှင်း (စီအက်စ်စီအယ်လ်)မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အယ်အင်အေ၊ဆင်ဟွာ။

ဆေးလိပ်သောက်၍ ကမ္ဘာတစ်ဝန်း၌ နှစ်စဉ်လူငါးသန်းသေဆုံး

ဒါကာ (ဆီနီဂေါ) ဖေဖော်ဝါရီ ၂၁

ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးမှုကြောင့် လူငါးသန်းခန့် သေဆုံးရလျက်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် သေဆုံးသူဦးရေ ၁၀ သန်းခန့်ရှိလာနိုင်ကြောင်း သိရသည်။

ဆေးလိပ်ကို အနောက်နိုင်ငံကြီးများမှ ကုမ္ပဏီကြီးများက ထုတ်လုပ်ပြီး အဆိုပါနိုင်ငံကြီးများမှာ လေးရာခိုင်နှုန်းကိုသာ ရောင်းချခြင်းဖြစ်ကာ ကျန်သည့် ၉၆ ရာခိုင်နှုန်းကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ တင်ပို့ရောင်းချ ခြင်းဖြစ်သည်။

တင်ပို့ရောင်းချ

ဆီနီဂေါနိုင်ငံ ဒါကာမြို့ရှိ အလယ်တန်း ကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသူကျောင်းသားများသည် ဆေးလိပ်မသောက်ရေး လှုပ်ရှားမှု တစ်ရပ်ကို ဆောင်ရွက်လျက်ရှိကြသည်။

ပြီးခဲ့သည့် သီတင်းပတ်ကလည်း ဒါကာမြို့လမ်းမများပေါ်တွင် ဆေးလိပ်မသောက်ရေး ချီတက်ပွဲတစ်ရပ် ကျင်းပခဲ့ကြောင်း စီအက်ဖ်အိုင်သတင်းဌာနက ဖော်ပြသည်။ ***စီအက်ဖ်အိုင်။***

ထပ်ဆင့်ချီးကျူးပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်ဆက်ကပ်ခြင်းခံရသည့် တောင်တွင်းကြီးမြို့ ရတနာပင်စည်ဘုရားကြီး တပ်ဦးကျောင်း (ပင်စည် မိုးကောင်းရိပ်သာ) ဆရာတော် ဘဒ္ဒန္တ ကောသလ္လအား တောင်တွင်းကြီးမြို့နယ်(ရန်ကုန်)က ထပ်ဆင့်ချီးကျူးပူဇော်ပွဲကို မတ် ၆ ရက် စနေနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ် စာရင်းစစ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်(ငြိမ်း) ဖုန်း-၆၉၉၆၀၂၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးကျော်စိုး ဖုန်း-၆၅၁၉၄၃၊ အတွင်းရေးမှူးဦးဘိုကြည် ဖုန်း-၆၄၀၄၈၇၊ ၆၄၀၄၈၉ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဖြိုးခြံရွှေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

မကြာမီ ကျင်းပတော့မည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာရောင်းချပွဲ

မြင့်လွင်

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် ရေပေါ်ရေအောက် သယံဇာတပေါများကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထိုအဖိုးတန် သယံဇာတများအနက် ကျောက်မျက်၊ ကျောက်စိမ်း၊ ပုလဲနှင့် ကျောက်သံပတ္တမြား ရတနာများသည် ကမ္ဘာ့ဈေးကွက်တွင် ရောင်းအားကောင်းလျက်ရှိသည်။

ထိုသို့ အရည်အသွေးကောင်းပြီး ကမ္ဘာတွင် နာမည်ကြီးနေသည့် မြန်မာ့ရတနာများကို တိုးမြှင့်ရောင်းချနိုင်ရေးနှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရှာဖွေရေးအတွက် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ နှစ်စဉ်ခင်းကျင်းပြသ ရောင်းချနိုင်ခဲ့သည်မှာ ၂၀၀၄ခုနှစ်တွင် (၄၁)ကြိမ်မြောက် ရတနာပြပွဲသို့ ရောက်ခဲ့ပြီဖြစ်သည်။

ထိုကဲ့သို့ အောင်မြင်စွာ ခင်းကျင်းပြသ ရောင်းချနိုင်ခဲ့ခြင်းမှာ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့်ညှိနှိုင်း၍ သင့်တော်သည့် အခြေခံရောင်းဈေးများကို သတ်မှတ်ဆောင်ရွက်ခြင်း၊ အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို စနစ်တကျ ခင်းကျင်းရောင်းချနိုင်ခြင်းနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ ပြည်ပရတနာကုန်သည်များ တက်ရောက်နိုင်ရန် စည်းရုံးဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ်လ ၁၃ ရက်မှ ၂၁ ရက်အထိ ကျင်းပရန် စီစဉ်လျက်ရှိသည်။

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံသားများ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူပြီး နိုင်ငံခြားငွေဖြင့် ကျောက်မျက်ရတနာရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် နိုင်ငံသားများအား သတ်မှတ်ချက်နှင့်အညီ ရတနာပြပွဲသို့ တက်ရောက်၍ ဈေးပြိုင်စနစ် ဖြင့် ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအား–

- နိုင်ငံခြားမှ ရတနာကုန်သည်များနှင့်တွေ့ဆုံပြီး ကျောက်မျက်ရတနာ ရောင်းဝယ်ရေးကိစ္စများ ညှိနှိုင်းရန်၊
- နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားမှ ကျောက်မျက်ရတနာ အခြေအနေများ လေ့လာနိုင်ရန်၊
- ပြည်ပမှ ရတနာကုန်သည်များနှင့် ယှဉ်ပြိုင်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခြင်းအားဖြင့် ကျောက်မျက်ရတနာရောင်းရငွေများ ပိုမိုတိုးတက်ရရှိစေရန်၊
- ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် တက်ရောက်ခွင့်ပြုပြီး ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခွင့်ပြုခြင်းဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ပုဂ္ဂလိကပိုင် ကျောက်မျက်၊ ကျောက်စိမ်းရိုင်းများကို ကျောက်မျက်ရတနာပြပွဲ မကျင်းပသည့်ကာလများတွင်လည်း ရောင်းဝယ်နိုင်အောင် ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျောက်မျက်ရတနာများ တူးဖော်ခြင်းလုပ်ငန်းကို ယခင်က နိုင်ငံတော်ကသာ အဓိကဆောင်ရွက်ခဲ့သော်လည်း ယခုအခါ နိုင်ငံတော်နှင့် နိုင်ငံသားပုဂ္ဂလိက ကျောက်မျက်ရတနာကုမ္ပဏီများ အကျိုးတူပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံတော်၏ ကျောက်မျက်ရတနာလုပ်ငန်းသည် ပိုမိုကျယ်ပြန့်တိုးတက်လာနေပြီ ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်လျက်ရှိသည်။ ကျောက်မျက်ရတနာလုပ်ငန်းများမှ နိုင်ငံတော်အတွက် အခွန်အခများ ရရှိသကဲ့သို့ ပုဂ္ဂလိကကျောက်မျက်လုပ်ငန်းရှင်များအတွက်လည်း အကျိုးခံစားခွင့်များ ရရှိခဲ့ကြသည်။

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းပိုင် ကျောက်စိမ်းများ၊ အကျိုးတူလုပ်ငန်းပိုင် ကျောက်စိမ်းများ၊ ပုဂ္ဂလိကပိုင် ကျောက်စိမ်းများကို အရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက်စသည်ဖြင့် အမျိုးအစားအလိုက် အတွဲများဖွဲ့ပြီး အခြေခံရောင်းဈေး ယူရိုငွေ ၁၀၀၀၀နှင့် အထက်တန်ဖိုးရှိသည့် ကျောက်စိမ်းတွဲများကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ အခြေခံရောင်းဈေးယူရိုငွေ ၁၀၀၀မှ ၉၉၉၉အထိ တန်ဖိုးရှိသည့် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်သည်။

ယခုနှစ်ပြပွဲတွင် အခြေခံရောင်းဈေး ယူရိုငွေ ၄၁သိန်း၀၀ သန်းဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲပေါင်း အတွဲ ၆၀၀ကို တင်ပြရောင်းချရန် လျာထားသတ်မှတ်ထားသည်။ လျာထားသည့်အတွဲများမှာ တင်ဒါစနစ်တွင် အတွဲ ၅၀၀၊ ခန့်မှန်းတန်ဖိုးယူရိုငွေ ၁ဒသမ ၅၀ သန်း ဖြစ်ပြီး ဈေးပြိုင်စနစ်ဖြင့် အတွဲ ၁၀၀၊ ခန့်မှန်းတန်ဖိုးယူရိုငွေ ၂ဒသမ ၅သန်း စုစုပေါင်းအတွဲ ၆၀၀ ခန့်မှန်းတန်ဖိုးယူရိုငွေ ၄ဒသမ ၀၀ သန်းဖိုးဖြစ်သည်။

၁၆-၂-၂၀၀၄အထိ အတွဲဖွဲ့ပြီး ကျောက်စိမ်းအတွဲများမှ စုစုပေါင်း ၈၅၆ တွဲ၊ အခြေခံ ရောင်းဈေး ယူရိုငွေ၁၀ဒသမ ၇၂သန်းဖိုး အတွဲဖွဲ့ စီစဉ်ထားပြီးဖြစ်သည်။ နှစ်စဉ် ပြပွဲများကဲ့သို့ ပြပွဲနီးမှ စုပြုံပြီး လာရောက်အပ်နှံလေ့ရှိသည့်အတိုင်း လုံးခင်း၊ ဖားကန့်၊ မန္တလေးတို့မှ ပြပွဲတင်ပြရောင်းချရန် ကြိုးစားလာရောက်နေကြသည်။

အကျိုးတူလုပ်ငန်းကုမ္ပဏီခုနစ်ခုမှ ထွက်ရှိသော ကျောက်စိမ်းအရိုင်း၈၂တန်ကျော်ခန့်ကို ယခုပြပွဲတွင် တင်ပြရောင်းချရန်အတွက် စစ်ဆေး၊ ဖြတ်တောက်၊ ချိန်တွယ်၊ အတွဲဖွဲ့ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ အဓိကအားဖြင့် ပြည်ပတွင် တရားမဝင်ရောင်းချခြင်းထက် ပြပွဲတင်ပြရောင်းချခြင်းက ကျောက်စိမ်းများတန်ဖိုးငွေ ပိုမိုရရှိနေကြခြင်းများကြောင့် ကုမ္ပဏီ၊ အသင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ယခုနှစ်ပြပွဲတွင်လည်း ကျောက်စိမ်းများ လာရောက်တင်ပြမှုမှာ အရေအတွက်၊အလေးချိန် ယခင်နှစ် ပြပွဲအကြိမ်များထက် ပိုမိုများပြားလိမ့်မည်ဟု ခန့်မှန်းထားသည်။

ယခုနှစ်ပြပွဲတွင် တင်ပြသော ကျောက်စိမ်းများအတွက် အခြေခံရောင်းဈေးသတ်မှတ်ခြင်းကို ယခင်ပြပွဲများထက်ပင် ပိုမိုဂရုစိုက်ပြီး သတ်မှတ်ထားသည်။ ထိုသည်မှာလည်း ကျောက်စိမ်းသုံးစွဲနေသည့် ပတ်ဝန်းကျင် နိုင်ငံများတွင် လက်ရှိကျောက်စိမ်းရောင်းဝယ်မှု အခြေအနေများ၊ နိုင်ငံတကာသတင်းစာ၊ စာစောင်များကို လေ့လာဖတ်ရှုပြီး ယခုပြပွဲတွင် ကျောက်စိမ်းဈေးနှုန်းများကို အရောင်းအဝယ် ဖြစ်နိုင်လောက်မည့် အခြေအနေအထိ သတ်မှတ်ထားခြင်းဖြစ်သည့်အတွက် ကျောက်စိမ်းအတွဲများ ကောင်းစွာရောင်းချရလိမ့်မည်ဟု ခန့်မှန်းထားသည်။

အလားတူ (၄၁)ကြိမ်မြောက်ရတနာပြပွဲတွင် ကျောက်အတွဲစုစုပေါင်း အတွဲ၂၅၀၊ အခြေခံဈေး ယူရိုငွေ ကိုးသန်းကျော်လျာထားရာ ယခုအခါ ၁၉၃တွဲကို အခြေခံဈေးယူရိုငွေ ၃၈၆၄၁၀ဖြင့် တင်ပြရောင်းချရန် ဖွဲ့စည်းထားပြီးဖြစ်သည်။ ယခုကဲ့သို့ အရေအတွက်နှင့်တန်ဖိုး နည်းနေရခြင်းသည် မိုင်းရှူးကျောက်မျက်အတွဲများ လာရောက်အပ်နှံခြင်း မရှိသေး၍ဖြစ်သည်။

ဈေးပြိုင်စနစ်ဖြင့် တင်ပြရောင်းချမည့် အတွဲပေါင်း ၇၂ တွဲ၊ တန်ဖိုးယူရိုငွေ ၈၇၉၅၀၀၀ လျာထားသတ်မှတ်ခဲ့ရာ ယခုအခါအတွဲ ၁၀တွဲကို၊အခြေခံဈေးယူရိုငွေ ၁၆၆၇၆၀ဖြင့် တင်ပြရောင်းချရန် ဖွဲ့စည်းထားပြီးဖြစ်သည်။ တင်ဒါစနစ်ဖြင့် တင်ပြရောင်းချမည့် အတွဲစုစုပေါင်း ၈၀ ကို တန်ဖိုး အခြေခံဈေးယူရိုငွေ ၁၅၀၀၀၀ လျာထားသတ်မှတ်ခဲ့ရာ ယခုအခါ ၈၁ တွဲကို အခြေခံဈေးယူရိုငွေ ၁၆၃၆၂၀ဖြင့် တင်ပြရောင်းချရန် ဖွဲ့စည်းထားပြီးဖြစ်သည်။ ပုံသေစနစ်ဖြင့် တင်ပြရောင်းချမည့် အတွဲစုစုပေါင်း ၉၈ တွဲကို အခြေခံဈေးယူရိုငွေ ၅၅၀၀၀ လျာထားသတ်မှတ်ခဲ့ရာ ယခုအခါ ၁၀၂ တွဲကို အခြေခံဈေးယူရိုငွေ ၅၆၀၃၀ ဖြင့် တင်ပြရောင်းချရန် ဖွဲ့စည်းထားပြီးဖြစ်သည်။

လက်ဝတ်ရတနာပစ္စည်းများအနေဖြင့် ယူရိုငွေ ၈၆၃၃၈၄ တန်ဖိုးရှိ လက်ဝတ်ရတနာမျိုးစုံ ၁၁၄၈ ခုကို ခင်းကျင်းတင်ပြရောင်းချရန် ဆောင်ရွက်ထားပြီးဖြစ်သည်။ ယင်းအနက် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းပိုင် လက်ဝတ်ရတနာမျိုးစုံ ၅၉၈ ခု၊ တန်ဖိုးယူရိုငွေ ၂၀၀၇၀၄၊ မြန်မာဗီအီးအက်စ်မှ လက်ဝတ်ရတနာမျိုးစုံ ၅၀၀၊ တန်ဖိုးယူရိုငွေ ၅၀၀၀၀၀ နှင့် ပြင်ပပုဂ္ဂလိက လက်ဝတ်ရတနာမျိုးစုံ ၅၀၊ တန်ဖိုးယူရိုငွေ ၁၆၂၆၈၀ တို့ဖြစ်သည်။

ထို့အတူပင် (၄၁) ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲတွင် ပုလဲလုံးရေ ၂၅၀၀၀၊ အလေးချိန် ၁၁၂၅၀ မိုမီအထိ တင်ပြရောင်းချမှာဖြစ်သည့်အတွက် ၁၉၉၃ ခုနှစ်၊ နှစ်လယ်ရတနာပြပွဲ နောက်ပိုင်းပုလဲအများဆုံး တင်ပြရောင်းချမည့်ပြပွဲဖြစ်သည်။ ပုလဲအတွဲ စုစုပေါင်း ၂၈၀ ကို အခြေခံဈေးယူရိုငွေ ၁ဒသမ ၃၂ သန်းဖြင့် တင်ပြရောင်းချရန် လျာထားဆောင်ရွက်လျက်ရှိရာ လောလောဆယ် ယူရိုငွေ လေးသိန်းတန်ဖိုးရှိ ပုလဲအတွဲ ၇၀ ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်သည်။

(၄၁) ကြိမ်မြောက်ရတနာပြပွဲသို့ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ကျောက်မျက်ရတနာကုမ္ပဏီ ၄၉၈ ခုသို့ ရတနာပြပွဲ ဖိတ်စာများကို ပေးပို့ထားပြီဖြစ်သည်။ နိုင်ငံခြားရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့လည်း ရတနာပြပွဲကို စိတ်ဝင်စားသူများနှင့် တက်ရောက်လိုသူများကို ဖိတ်ကြားနိုင်ရန်အတွက် ဖိတ်စာများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့ထားသည်။ (၄၁) ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံခြားမှ ရတနာကုန်သည် အနည်းဆုံး ၄၀၀ ကျော် တက်ရောက်မည်ဟု ခန့်မှန်းထားသည်။

အချုပ်ဆိုရသော် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နှစ်စဉ်ကျင်းပသော မြန်မာ့ကျောက်မျက်ရတနာပြပွဲများမှတစ်ဆင့် နိုင်ငံခြားငွေများ တစ်နှစ်ထက်တစ်နှစ် တိုးတက်ရှာဖွေပေးနိုင်တော့မည်ဟု ယုံကြည်မျှော်လင့်ပါသည်။ ။



ဆုချီးမြှင့်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းတွင် ဖေဖော်ဝါရီ ၉ရက်က ကျင်းပသည့် ဆုချီးမြှင့်ပွဲ၌ မြို့နယ်ပညာရေးမှူး ဒေါ်သီဂီက မြို့နယ်အဆင့် ကျောင်းကျန်းမာရေး စံပြဆုကို ကျောင်းအုပ်ဆရာကြီး ဦးသာဒင်အား ချီးမြှင့်စဉ်။ (က-ပ)

ဝိပဿနာတရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သန်လျင်မြို့ သန်လျင်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်၏ (၂၇)ကြိမ်မြောက် ဝိပဿနာ ၁၀ ရက်တရားစခန်းကို မတ် ၁၁ ရက်မှ ၂၀ ရက်ထိ သန်လျင်တောရ ဓမ္မဝါဒီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျောင်းတိုက်နာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ဇဝနဉာဏာဘိဝံသနှင့် သန်လျင်တောရ ယင်းတော်မင်းကျောင်း ပဓာနနာယကကမ္မဋ္ဌာနာစရိယဘဒ္ဒန္တနိပုဏ အရှင်မြတ်တို့က တရားတော်များ ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ မတ် ၁၀ ရက် ဗုဒ္ဓဟူးနေ့ ညနေအရောက် စာရင်းပေးသွင်း ဝင်ရောက်နိုင်ကြောင်း သိရသည်။ (၅၂၇)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၂-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် ပထမနှစ် စိတ်ပညာ (PerspectiveDistance)
- ၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၃၅ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၄၅ ၁၇။ မြန်မာ့လက်သီး
- ၇:၀၀ ၁၈။ **ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း "မောင်ရွှေနဖားစုး မယ်ရွှေနဖူးစာ" (အပိုင်း-၁၀)**
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ **ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း-၁၃)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

စက်မှုစွမ်းအား ခေတ်ကျော်လွှား

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

❒ **ရွှေဖုံးမှ**

အမှာစကားပြောကြားရာတွင် ဆရာကြီးပခုက္ကူဦးအုံးဖေ၏ နိုင်ငံနှင့်လူမျိုးအပေါ် ထားရှိသည့် ဖြူစင်မွန်မြတ်သော မေတ္တာစေတနာနှင့် အမျိုးသားစာပေ တိုးတက် ထွန်းကားရေးအတွက် ထားရှိသည့် ထက်သန်မြင့်မားသော စေတနာသဒ္ဓါတရား တို့က ပေါက်ဖွားလာခဲ့သည့် ပခုက္ကူဦးအုံးဖေ စာပေဆုများနှင့် ပညာရည်ချွန်ဆု များကို နှစ်စဉ်မပျက် ထိုက်တန်စွာ ရွေးချယ်ချီးမြှင့်လာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၁၁)ကြိမ်မြောက်ခဲ့ပြီဖြစ်ကြောင်း။

ယခုကဲ့သို့ (၁၁)နှစ်မြောက်ခဲ့သည်အထိ ပခုက္ကူဦးအုံးဖေ စာပေဆုများနှင့် ထိုက်တန်သော၊ အနုပညာမြောက်သော တိုင်းကျိုးပြည်ဆောင် စာကောင်း ပေမွန်များ၊ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုများနှင့် ထိုက်တန်သော၊ ပညာရည် ထူးချွန်ထက်မြက်သော မျိုးဆက်သစ်လူငယ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေခြင်း သည်လည်း ဆရာကြီး ပခုက္ကူ ဦးအုံးဖေနှင့်တကွ တစ်မျိုးသားလုံး၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များဖြစ်သည့် အမျိုးသားစာပေ ဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသား ပညာရည်မြင့်မားမှု အကျိုးရလဒ်ကောင်းများ အရှိန်အဟုန်ဖြင့် တိုးပွားဖြစ်ထွန်း နေမှုကို ဖော်ညွှန်းပြဆိုလျက်ရှိပါသည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် မိမိတို့၏ ထူးခြားလေးနက်သည့် အမျိုးသားရေး စရိုက်လက္ခဏာ၊ အမျိုးသားယဉ်ကျေးမှု အနှစ်သာရတို့နှင့် စုံလင်ပြည့်ဝသော အမျိုးသားစာပေအဆောက်အအုံကြီးတစ်ရပ် ခိုင်ခံ့ထည်ထည်၊ ထည်ထည်ဝါဝါ ဖြစ်ထွန်းနေခြင်းမှာ မြန်မာလူမျိုးများအတွက် ဂုဏ်ယူဝင့်ကြွားဖွယ် အမျိုးသားရေးဂုဏ်ဒြပ်တစ်ရပ်ဖြစ်သကဲ့သို့ မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွား ကာကွယ်စောင့်ရှောက် မြှင့်တင်ရေးအတွက် စွမ်းရည်ထက်မြက်မြင့်မားသော အမျိုးသားရေးစွမ်းအားတစ်ရပ် ထုထည်ပမာဏ ကြီးမားခိုင်ခံ့စွာ ဖြစ်ထွန်းတည်ရှိ နေခြင်းလည်းဖြစ်ကြောင်း။

ကြိုးပမ်းတည်ဆောက်နေ

ယနေ့အချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေး၊ နိုင်ငံတကာ့အလယ်တွင် အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မားထည်ဝါစွာ ရပ်တည်နိုင်စေရေးတို့အတွက် မိမိတို့၏ အမျိုးသားရေး စွမ်းအားစုများ၏ ကိုယ်ပိုင်စွမ်းပကားကို အားပြုပြီး ကိုယ့်အားကိုယ်ကိုး ကိုယ့်နိုင်ငံ ကိုယ် ကြိုးပမ်းတည်ဆောက်နေသည့် အချိန်အခါကာလဖြစ်ကြောင်း။

ထို့အပြင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်ကံကြမ္မာကို အမျိုးသားရေးအကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်၌ တည့်တည့် မတ်မတ် ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေစေရအောင် ထိန်းသိမ်းစောင့်ရှောက်သွားနိုင် ရန်နှင့် နိုင်ငံတကာ့အလယ်၌ စည်းလုံးညီညွတ်သော၊ လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာမြင့်မားထည်ဝါစွာ ရပ်တည်နိုင်စေရန် အတွက် ဆန့်ကျင်ဟန့်တားမှု၊ သွေးခွဲသပ်လျှိုမှု၊ ဩဇာပေးစွက်ဖက်မှု၊ ဖိအားပေး အကြပ်ကိုင်မှု အနှောင့်အယှက်အဟန့်အတားအဖုံဖုံကို ရင်ဆိုင်တွန်းလှန်ရင်း မိမိတို့၏ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အချုပ်အခြာအာဏာတို့ကို အမျိုးသားရေး စွမ်းပကားဖြင့် ကာကွယ်စောင့်ထိန်းနေရချိန်လည်းဖြစ်ကြောင်း။

ယင်းကဲ့သို့ အခြေအနေအချိန်အခါမျိုးတွင် အမျိုးသားစာပေကို ထိန်းသိမ်း မြှင့်တင်ရင်း အမျိုးသားစာပေ၏ အစဉ်အလာကြီးမားသော စွမ်းပကားကို

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် ၂၀၀၃ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာစာထူးချွန်ဆုရရှိသော ဒဂုံတက္ကသိုလ်မှ မဖြူဖြူစင်အားဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ထိုက်တန်စွာအသုံးချပြီး အမျိုးသားရေးနိုးကြားမှု၊ အမျိုးသားရေးအမြင် ကြည်လင် ထက်သန်မှု၊ အမျိုးသားရေးစိတ်ဓာတ် ထက်မြက်မြင့်မားမှုတို့ကို ဖော်ဆောင်မြှင့်တင် ပေးနိုင်မှသာ ယနေ့ အလွန်လိုအပ်လျက်ရှိသည့် အမျိုးသားရေးကိုယ်ခံစွမ်းအားကို ပြည့်ဖြိုးခိုင်မာစေမည်ဖြစ်ကြောင်း။

အားပေးမြှင့်တင်နေ

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားစာပေ၏ ထက်မြက်သော စွမ်းပကားနှင့် အမျိုးသားရေးအကျိုးစီးပွား ဖော်ဆောင်မြှင့်တင် ပေးနိုင်မှုတန်ဖိုးကို အလေးအမြတ်ပြုပြီး မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ အမျိုးသားရေးဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်မည့်အပြင် အမျိုးသားရေးကိုယ်ခံစွမ်းအားများကို အခိုင် အမာ တည်ဆောက်ပေးနိုင်မည့် အမျိုးသားရေးစာပေအဆောက်အအုံကြီးတစ်ရပ် တင့်တင့်တယ်တယ်၊ ထည်ထည်ဝါဝါ ဖြစ်ထွန်းခိုင်မာနေစေရအောင် အဘက်ဘက် က အားပေးစောင့်ရှောက် မြှင့်တင်ပေးနေခြင်းပင်ဖြစ်ကြောင်း။

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်း ၂၀၀၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဓာတုဗေဒ ဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မခိုင်သက်ဆုအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၃ခုနှစ် အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် သုတေသနစာပေ ပထမဆုရ "မဟာဗုဒ္ဓဝင် ကွက်စိပ်ဇာတ်ထုပ်များနှင့် ဒဂုဏ်ဆရာညွန့်" ရေးသားသူ မင်းသျှင်အောင် (တွံတေး)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုနှင့်အတူ စာပေပညာရှင်ကြီးများ၊ စာရေးဆရာကြီးများအနေဖြင့် အနှစ်သာရရှိသော စာကောင်းပေမွန်များကို စာပေစေတနာအပြည့်အဝထားရှိပြီး အပတ်တကုတ် ပြုစုရေးသားနေမှု၊ စာပေဝါသနာရှင်များ၏ စာပေကို လေးစားမြတ်နိုး လေ့လာ လိုက်စားမှုများ တိုးပွားနေမှုတို့အပြင် နိုင်ငံတော်နှင့်တကွ ဆရာကြီး ပခုက္ကူဦးအုံးဖေ တို့ကဲ့သို့သော စာပေစေတနာရှင်များ၏ မြေတောင်မြှောက် အားပေးနေမှုတို့ ပေါင်းစည်းနိုင်မှုတို့ကြောင့် မြန်မာစာပေသည် ထုထည်ပမာဏ ကြီးမားခိုင်ခံ့စွာ၊ အမျိုးသားရေးအနှစ်သာရ ပြည့်ဝနက်ရှိုင်းစွာဖြင့် အားကောင်းမောင်းသန် ရှင်သန် ဖွံ့ဖြိုးတိုးတက်နေသည်ကို အားရကျေနပ်ဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယနေ့ မြန်မာစာပေနယ်ပယ်ကြီးသည် အရောင်အသွေးစုံလင်သော ပန်းမာလာမျိုးစုံဖူးပွင့်နေသည့် ပန်းဥယျာဉ်ကြီးသဖွယ် စာပေပညာရှင်ကြီးများ၊ စာရေးဆရာကြီးများနှင့် မျိုးဆက်သစ် စာရေးဆရာများ ပြုစုဖွဲ့ဆိုသည့် အမျိုးသားရေးအကျိုးပြု သုတရသစာပေများစွာတို့ကို အစီအရီ အပြိုင်းအရိုင်း အင်နှင့်အားနှင့် ပေါ်ထွန်းလျက်ရှိနေပြီဖြစ်သကဲ့သို့ ဤပေါ်ထွန်းလာနေသည့် စာပေများသည်လည်း အလင်္ကာမြောက်သည့် စာပေအဖွဲ့အနွဲ့၊ ဂန္ထဝင်မြောက်သည့် စာပေအရေးအသား၊ လေးနက်ခိုင်မာသည့် အမျိုးသားရေးအတွေးအမြင်၊ တည်ကြည်ခိုင်မြဲသည့် အမျိုးသားရေး ရပ်တည်ချက်တို့ဖြင့် ပြည့်ဝစုံလင်သော၊ အဆင့်အတန်းမြင့်မားသော စာကောင်းပေမွန်များ ဖြစ်နေသည်မှာ တစ်မျိုးသားလုံး အတွက် များစွာဂုဏ်ယူဖွယ်ပင်ဖြစ်ကြောင်း။

ယင်းကဲ့သို့ မြန်မာစာပေဖွံ့ဖြိုးတိုးတက် ရှင်သန်ကြီးထွားနေသည့် အခြေအနေ အချိန်အခါကောင်းတွင် နိုင်ငံတော်အစိုးရက ဦးဆောင်ချီးမြှင့်နေသည့် အမျိုးသား စာပေဆု၊ စာပေဗိမာန်စာမူဆု၊ အမျိုးသားရေးဆောင်ပုဒ်ဆိုင်ရာစာပေဆု၊ နေ့ထူးနေ့မြတ် များ အထိမ်းအမှတ်စာပေပြိုင်ပွဲဆုများအပြင် ပုဂ္ဂလိကကဏ္ဍ၌ ပေါ်ထွန်းလာသည့် ဆရာကြီး ပခုက္ကူဦးအုံးဖေ စာပေဆုကဲ့သို့သော အားပေးချီးမြှောက်မှုများသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်၊ အဆင့်အတန်းနှင့် အရည်အသွေးတို့ကို အကျိုးရှိထိရောက်စွာ မြှင့်တင်ပေးနိုင်လျက်ရှိသည့်အပြင် မြန်မာစာပေ၏ အမျိုးသားရေး အနှစ်သာရ ဖော်ဆောင်နိုင်မှု၊ တိုင်းကျိုးပြည်ဆောင် အမျိုးသားရေး အားမာန်နှင့်ပြည့်ဝမှုစသော ဂုဏ်ရည်များကိုပါ ပိုမိုမြင့်မားတောက်ပြောင်စေမှာ ဧကန်အမှန်ပင်ဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ၂၀၀၃ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ၂၀၀၃ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ ဆရာမကြီးဒေါ်ရင်ရင် (စောမုံညင်း)အား ဆုချီးမြှင့်ရာ ဆရာမကြီးကိုယ်စား စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့အတွင်းရေးမှူး စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်)က လက်ခံယူစဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ၂၀၀၃ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူ စာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဝတ္ထုရှည် ဒုတိယဆုရ "မေတ္တာသည်သာ"ရေးသားသူ သျှီ(အင်ကြင်း)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၇ မှ

အထူးသဖြင့် အမျိုးသားရေးစာပေဆုနှင့် ပခုက္ကူဦးအုံးဖေစာပေဆုတို့မှာ ရွေးချယ်ချီးမြှင့်နေသည့် "တစ်သက်တာစာပေဆု"များသည် မိမိတို့၏ ဘဝတစ်သက်တာကို စာပေနယ်ပယ်၌ စွန့်လွှတ်မြှုပ်နှံပြီး စာပေဖြင့် မွေ့လျော်ကာ စာပေစွမ်းပကားနှင့် အမျိုးသားရေးအကျိုးစီးပွားကို အစဉ်တစိုက် သယ်ပိုးထမ်းရွက်လျက်ရှိကြသည့် စာပေပညာရှင်ကြီးများကို ထိုက်တန်စွာ ဖော်ထုတ်ဂုဏ်ပြုခြင်းဖြစ်သကဲ့သို့ မျိုးဆက်သစ်လူငယ် စာပေပညာရှင်များအတွက် အားကျအတုယူဖွယ် စာပေအစဉ်အလာကောင်းများကို ထင်ရှားစွာ ဖော်ထုတ်ပြဆိုပေးခြင်းလည်းဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ပခုက္ကူဦးအုံးဖေစာပေဆုနှင့် ယှဉ်တွဲပြီး စာပေပညာထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ် ကျောင်းသူ၊ ကျောင်းသားများအတွက် ပညာရည်ချွန်ဆုများ၊ ပညာသင်ဆုများ နှစ်စဉ်မပျက် ချီးမြှင့်နေခြင်းသည်လည်း တိုင်းပြည်အတွက် လိုအပ်နေသည့် စာပေဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်သော အခန်းကဏ္ဍက ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်ဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

ယခုတစ်ဖန် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ကို ရောက်ရှိလာသည့် စာပေလက်ရာများထဲမှ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုကို တီထွင်ချီးမြှင့်ခြင်းသည်လည်း စာပေအနုပညာရှင်များအတွက်သာမက စာပေလိုက်စားသူ မျိုးဆက်သစ်လူငယ်များအတွက်ပါ အကျိုးပြုစေမှာအမှန်ပင်ဖြစ်ကြောင်း။

အသိဉာဏ်ဖြင့်ယှဉ်ကြည့်

ယနေ့ အချိန်အခါသည် သိပ္ပံနှင့်နည်းပညာရပ်များ၏ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေမှုကြောင့် ကမ္ဘာ့နိုင်ငံများ ဆက်စပ်ယှက်နွယ် ပြောင်းလဲဖြစ်ပေါ်နေသည့် အခြေအနေကို ခနအင်အားအရ၊ နည်းပညာအရ အသာစီးရရှိနေသည့် နိုင်ငံကြီးများက အခွင့်ကောင်းယူအသုံးချပြီး အစွမ်းထက်သော မီဒီယာလမ်းကြောင်းများကတစ်ဆင့် ၎င်းတို့၏ အနောက်တိုင်းပုံစံ ယဉ်ကျေးမှု ဓလေ့စရိုက်နှင့် လူနေမှုစနစ်များကို မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ထိုးဖောက်လွှမ်းမိုးသွတ်သွင်းလျက်ရှိရာတွင် လူငယ်များကို အဓိကပစ်မှတ်များအဖြစ်ထားရှိလုပ်ဆောင်နေကြသည်ကို အသိဉာဏ်ဖြင့် ယှဉ်ပြီးကြည့်လျှင်မြင်ကြမှာအမှန်ပင်ဖြစ်ကြောင်း။

ခေတ်မီဆန်းသစ်ပြီး စွမ်းအားကြီးမားသော မီဒီယာလက်နက်များကို ငွေကြေးသန်းပေါင်းများစွာ ကျခံအသုံးပြုပြီး မိမိတို့၏ မျိုးဆက်သစ်လူငယ်များကို ၎င်းတို့၏ အနောက်တိုင်းဓလေ့ အတွေးအခေါ် အယူအဆများ၊ အကျင့်စရိုက်များ၊ လူမှုနန်းစံများ၌ သာယာမိန်းမူးမွေ့လျော်လာစေအောင် အမျိုးသားရေးအတွေးအမြင် ချွတ်ချော်တိမ်းပါးအောင် အစီအစဉ်ရှိရှိလုပ်ဆောင်နေကြသည့် အချိန်အခါတွင် မိမိတို့၏ အဆင့်အတန်းမြင့်မားသော အမျိုးသားယဉ်ကျေးမှု၊ သိမ်မွေ့နက်ရှိုင်းသည့် အမျိုးသားရေး စရိုက်လက္ခဏာများနှင့် အမျိုးသားရေး အကျိုးစီးပွား လိုအပ်ချက်များကို မျိုးဆက်သစ်လူငယ်များ သိမြင်နားလည်ပြီး လေးစားမြတ်နိုးလာစေရေးအတွက် စေ့ဆော်ပေးရာတွင် အစဉ်အလာကြီးမားပြီး စွမ်းရည်ထက်မြက်လှသည့် အမျိုးသားစာပေ၏ စွမ်းပကားကိုသာ အားထားကြရမည်ဖြစ်ကြောင်း။

မျိုးဆက်သစ်လူငယ်များအပါအဝင် မိမိတို့နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများအားလုံး၏ စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်ရေး၊ မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ် အစဉ်ထာဝရ နိုးကြားတက်ကြွနေစေရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားစာပေ၊ အမျိုးသားအနုပညာရပ်များအားလုံးက အမြဲမပြတ် နှိုးဆော်ဦးဆောင် လမ်းပြနေကြရန် အထူးလိုအပ်မည်ဖြစ်ကြောင်း။

တိုင်းရင်းသား ပြည်သူများအားလုံး၏ ရင်ထဲနှလုံးသားထဲ၌ မျိုးချစ်စိတ်ဓာတ် အမွေခံကောင်းများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ် အစဉ်အလာကောင်းများ၊ ပြည်ထောင်စု စိတ်ဓာတ် အခြေခံကောင်းများ ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းနေစေရအောင် အမျိုးသားစာပေ၊ အမျိုးသားအနုပညာရပ်တို့၏ စွမ်းပကားဖြင့် တစ်မျိုးသားလုံးက လက်တွဲ တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ မိမိနိုင်ငံ မိမိလူမျိုး တိုးတက်ကြီးပွားစေရေး၊ လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မားစွာဖြင့် နိုင်ငံတကာနှင့် တန်းတူရည်တူ ရပ်တည်နိုင်စေရေးနှင့် အမျိုးသားရေး အကျိုးစီးပွားကို စောင့်ရှောက်ကာကွယ် မြှင့်တင်ပေးနိုင်ရေးတို့အတွက် အမျိုးသားရေးအားမာန်၊ အမျိုးသားရေးစွမ်းအားများ တိုးပွားခိုင်ခံ့လာစေရအောင် စာပေစွမ်းပကားဖြင့် ထောက်ကူပေးကြရန် အမြဲလိုအပ်နေမည်ဖြစ်ကြောင်း။

စာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေက ၂၀၀၃ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပညာရည်ချွန်ဆုအတွက် တတိယအကြိမ် ထပ်မံလှူဒါန်းငွေကျပ်သိန်း ၅၀ ကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာပေစွမ်းပကားဖြင့်ဖော်ဆောင်

နိုင်ငံတကာ၌ တိုးတက်ဖြစ်ထွန်းနေသည့် သိပ္ပံနှင့် နည်းပညာရပ်များ မိမိနိုင်ငံအတွင်း အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတကာအဆင့်မီ လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းစေရေး၊ မိမိနိုင်ငံသူ၊ နိုင်ငံသားများ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မြင့်မားစေရေး၊ မှန်ကန်သည့် အသိအမြင်ဗဟုသုတတိုးပွားခိုင်ခံ့စေရေး၊ အမှန်တရားကို ထိုးထွင်းသိမြင်နိုင်ရေး စသည့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသိပညာဗဟုသုတပေးမှု၊ ဝေဖန်ပိုင်းခြားတတ်အောင် ပညာပေးမှု၊ စည်းရုံးဦးဆောင်မှုများကို စာပေစွမ်းပကားဖြင့် ဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် နှစ်ပေါင်းထောင်ချီရှည်လျားခိုင်မာသော မြန်မာ့ယဉ်ကျေးမှု သမိုင်းစဉ်တစ်လျှောက်၌ မိမိတို့ဘိုးဘွားဘီဘင်များ လက်ဆင့်ကမ်းအမွေခံ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည့် နက်နဲသိမ်မွေ့သော အမျိုးသားရေးတန်ဖိုး၊ အမျိုးသားရေးနှုန်းစံများ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျက်ယွင်း မတိမ်းပါးစေဘဲ ဤဘိုးမွေဘမွေ ယဉ်ကျေးမှုအမွေအနှစ်များအပေါ်၌ အခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် တစ်မျိုးသားလုံးလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်ကာလလည်း ဖြစ်ကြောင်း။

အမျိုးသားရေးပန်းတိုင်ဖြစ်သည့် ခေတ်မီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်လျှောက်လှမ်းသွားရမည့် မူဝါဒလမ်းစဉ်ကြီး ခုနစ်ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ကြောင်း။

တစ်တပ်တစ်အားပါဝင်

ထို့ကြောင့်အမျိုးသားရေးပန်းတိုင်သို့ အောင်မြင်စွာချီတက်လျှောက်လှမ်းရောက်ရှိနိုင်စေရေးအတွက် စာပေပညာရှင်များ၊ စာရေးဆရာကြီးများကလည်း သမိုင်းအစဉ်အလာ ကြီးမားထွန်းပြောင်ခဲ့သည့် မြန်မာစာပေ၏ စွမ်းပကားဖြင့် တိုင်းရင်းသားအားလုံးပါဝင်သည့် တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ် စွမ်းအားကို စေ့ဆော်မြှင့်တင်ပေးရင်း တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းစွမ်းဆောင်ပေးရန် လိုအပ်သည်ဟု ပြောကြားလိုကြောင်း။

တစ်ဆက်တည်းမှာပင် မြန်မာစာဆိုပညာရှိကဝိများ၊ စာပေပညာရှင်ကြီးများ သမိုင်းအစဉ်အဆက် ပြုစုထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် အမျိုးသားစာပေပင်စည်ကြီးကို မိမိတို့လက်ထက်တွင် ပိုမိုခိုင်ခံ့ ဝင့်ထည်ပွားစီးရအောင်၊ အနာဂတ်မျိုးဆက်သစ်များအတွက် အသီးအပွင့် အခက်အညွန့်အဖူးအပွင့်တို့ ဝေဆာပွင့်ဖူး တင့်တယ်လာစေရအောင် ဆက်လက် ပြုစုပျိုးထောင်ပေးကြပါဟု စာပေပညာရှင်ကြီးများ၊ စာရေးဆရာကြီးများကို မေတ္တာရပ်ခံလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ—

— **အမျိုးသားရေးစရိုက်လက္ခဏာများ၊ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများ၊ လူမှုတန်ဖိုးများကို ထိန်းသိမ်းမြှင့်တင်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့် အမျိုးသားရေးစွမ်းအားများ ပိုမိုထက်မြက်ခိုင်မာစေရအောင် စာပေစွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**

– အမျိုးသားရေး မျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးကို လက်တွေ့ကျကျ ဖော်ဆောင်ပေးသွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်စွာအကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် စာပေစွမ်းပကားဖြင့် တစ်တပ်တစ်အား ပါဝင်စွမ်းဆောင်ပေးကြပါ

ဟု တိုက်တွန်းပြောကြားသွားသည်။

ဆုချီးမြှင့်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ ဆရာမကြီး ဒေါ်ရင်ရင် (စောမုံညင်း)အား ဆုချီးမြှင့်ရာ ဆရာမကြီးကိုယ်စား စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး စာပေဗိမာန်စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်)က လက်ခံယူသည်။

ဆက်လက်ပြီး ၂၀၀၃ ခုနှစ်အတွက် ကဗျာပေါင်းချုပ် ပထမဆုရ "ကမ္ဘာအသိ ဇာတိဂုဏ်ကဗျာများ" ရေးသားသူ ကောင်းညွန့်ဝေ(ရေစကြို)၊ ဒုတိယဆုရ "အနှစ်အလှ ခိုင်ကျည် ချစ်မဝနိုင်ပြီနှင့် အခြားကဗျာများ" ရေးသားသူ မောင်ပြည့်လှိုင်း(သံတွဲ)နှင့် တတိယဆုရ " အတွေ့အမြင်နှင့် အတွေးအမြင်ကဗျာများ" ရေးသားသူ ရွှေဟသာ်(မန္တလေးတက္ကသိုလ်)တို့အား လည်းကောင်း၊ ဝတ္ထုရှည် ပထမဆုရ "ကန္တာရကျောက်တောင်ကြီးများကို ဖောက်ထွင်းပြီး မိုးတိမ်ကိုနင်းမည်" ရေးသားသူ ပုသိမ်-အောင်သန်းဦး၊ ဒုတိယဆုရ" မေတ္တာသည်သာ" ရေးသားသူ သျှီ(အင်ကြင်း)နှင့် တတိယဆုရ "လေကိုဆန်သောပန်းသဇင်" ရေးသားသူ သွဲ့ထားညို(သက္ကလ)တို့အား လည်းကောင်း ဆုများကို ချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် စာပေဆုအလှူရှင် ပခုက္ကူ ဦးအုံးဖေက ပညာရည်ချွန်ဆုအတွက် တတိယအကြိမ် ထမ်းမံလှူဒါန်းငွေ ကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံသည်။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ၂၀၀၃ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ "မရွှေရီ ကျေနပ်ပြီလား ဝတ္ထုတိုများ" ရေးသားသူ သိန်းဇော် (ရွှေလီဦး)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ "မရွှေရီကျေနပ်ပြီလား ဝတ္ထုတိုများ"ရေးသားသူ သိန်းဇော်(ရွှေလီဦး)၊ ဒုတိယဆုရ" ချစ်စရာစားစရာနှင့် အခြားဝတ္ထုတိုများ" ရေးသားသူ ကျော်ဖုန်းမြင့်(ဓာတုဗေဒ)နှင့် တတိယဆုရ "သောင်းစုနှစ်၏ အလင်္ကာညများ" ရေးသားသူ ကိုဇော်ဌေး(ယဉ်ကျေးမှု)တို့အားလည်းကောင်း၊ ကျမ်းစာပေပထမဆုရ "မန်လည်စာဆိုတော်" ရေးသားသူ နီငြိမ်း(အညာတက္ကသိုလ်)၊ ဒုတိယဆုရ "မြန်မာ့ရိုးရာသဘာဝအမိုးများ" ရေးသားသူ ထန်လှိုင်နှင့် တတိယဆုရ "ကယန်း"ရေးသားသူ သျှင်ထွေးယဉ်(မနုဿ) တို့အားလည်းကောင်း ဆုများကိုချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သုတေသနစာပေ ပထမဆုရ "မဟာဗုဒ္ဓဝင် ကွက်စိပ်ဇာတ်ထုပ်များနှင့် ဒဂုဏ်ဆရာညွန့်" ရေးသားသူ မင်းသျှင်အောင်(တွံတေး)၊ ဒုတိယဆုရ "ရွှေ့ပြောင်းတောင်ယာ" ရေးသားသူဦးဆောင်း(သစ်တော)နှင့် တတိယဆုရ "ထာဝရတည်မြဲသောစွမ်းအင်" ရေးသားသူ ရွှေနဂါးတင်ဝင်းတို့အားလည်းကောင်း၊ ပညာရည်ချွန်ဆု မြန်မာစာဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်(၂)အခြေခံပညာ အတက်တန်းကျောင်းမှ မမေသူကျော်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်း မုံရွာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကျော်ဇေလတ်နှင့် တတိယဆုရ ဧရာဝတီတိုင်း ဒေးဒရဲမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဟိန်းကျော်မိုးတို့အား လည်းကောင်း ဆုများကို ချီးမြှင့်သည်။

မှတ်တမ်းတင်ဓာတ်ပုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ၂၀၀၃ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ၂၀၀၃ခုနှစ်အတွက် ပညာရည်ချွန်ဆုရရှိကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က မြန်မာစာထူးချွန်ဆုများရရှိကြသော ဒဂုံတက္ကသိုလ်မှ မအေးမြစန္ဒာ၊ မဖြူဖြူစင်နှင့် မဇင်ညိမ်းထက်၊ ရတနာပုံတက္ကသိုလ်မှ မတင်ဖြိုးသွယ်တို့အားလည်းကောင်း၊ ပညာသင်ဆုရရှိကြသော ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပထမနှစ် ဂီတအထူးပြုမှ မနော်သူလေဖောဝေနှင့် ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)ပထမနှစ် သဘင်အထူးပြုမှ မသက်မာစိုးတို့အားလည်းကောင်း ဆုများကိုချီးမြှင့်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆု အင်္ဂလိပ်စာဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မောင်စောထွဋ်၊ ဒုတိယဆုရ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မောင်ကြည်သာအောင်နှင့် တတိယဆုရ ရန်ကုန် ပညာရေးတက္ကသိုလ် တက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ မောင်တင်ထွန်းအောင်တို့အား လည်းကောင်း၊ သင်္ချာဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မခိုင်သက်ဆု၊ ဒုတိယဆုရ မန္တလေးမြို့ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ မသူသူချိုနှင့် တတိယဆုရ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ မအိမွန်ဝင်းတို့အားလည်းကောင်း ဆုများကို ချီးမြှင့်သည်။

ယင်းနောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက ဓာတုဗေဒဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မခိုင်သက်ဆု၊ ရူပဗေဒဘာသာရပ် ပထမဆုရ မန္တလေးမြို့ အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းမှ မဇွန်မိုဆူး၊ ပထဝီဝင်ဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်း (ပြင်ပဖြေ)မှ မရည်ဝေထက်၊ ဇီဝဗေဒဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မခိုင်သက်ဆု၊ သမိုင်းဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်း ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မမေခလာ၊ ဘောဂဗေဒ ဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်း မင်္ဂလာဒုံ(ထောက်ကြန့်) မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မသိင်္ဂီစိုးနှင့် စိတ်ကြိုက်မြန်မာစာ ဘာသာရပ် ပထမဆုရ မန္တလေးတိုင်း လယ်ဝေးမြို့နယ် သပြေပင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခွဲမှ မောင်ထွန်းလင်းတို့အား ဆုများကို ချီးမြှင့်သည်။

ယင်းနောက် စာပေဆု အလှူရှင် ပခုက္ကူဦးအုံးဖေက စာပေဆုချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

စာအုပ်များလှူဒါန်း

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသော စာအုပ် ၃၀၀နှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ လှူဒါန်းသော စာအုပ် ၂၉၅အုပ် စုစုပေါင်းစာအုပ် ၅၉၅အုပ်တို့ကို ပေးအပ်လှူဒါန်းရာ ပခုက္ကူဦးအုံးဖေက လက်ခံရယူသည်။

ထို့နောက် စာပေဆုအလှူရှင် ပခုက္ကူ ဦးအုံးဖေက ပခုက္ကူစာကြည့်တိုက် စာအုပ်ဆုများရရှိကြသော "စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့" စာအုပ်ရေးသားသူ ဆရာအောင်စည်ဟိန်း၊ "ငွေနှင်းမှုန်မှုန်ထဲက ပန်းဂျုံ" စာအုပ်ရေးသားသူဆရာ နီမင်းဆွေနှင့် "ဥပဒေဝန်ထမ်းတစ်ဦး၏ ဘဝခရီး" စာအုပ်ရေးသားသူ ဆရာဦးဟန်ညွန့်(ဥပဒေ)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆုရရှိကြသူများကိုယ်စား ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆုရ စာရေးဆရာမကြီး ဒေါ်ရင်ရင်(စောမုံညင်း)၏ ကျေးဇူးတင်စကားကို ၎င်း၏ကိုယ်စား စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့် (မောင်ဆုရှင်) က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် ၂၀၀၃ ခုနှစ်အတွက် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ရရှိကြသော စာရေးဆရာများနှင့် လည်းကောင်း၊ စာပေဆုရရှိကြသူများနှင့် ယဉ်ကျေးမှု တက္ကသိုလ်ပညာသင်ဆု ရရှိကြသူများနှင့် လည်းကောင်း၊ ပညာရည်ချွန်ဆုရရှိကြသူ ကျောင်းသား၊ ကျောင်းသူများနှင့် လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပခုက္ကူဦးအုံးဖေ စာမူဆုတွင် ကဗျာပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေ၊ သုတေသန စာပေတို့အတွက် ချီးမြှင့်ငွေမှာ ပထမဆုအတွက် ငွေကျပ်တစ်သိန်း၊ ဒုတိယဆုအတွက် ငွေကျပ် ၇၅၀၀၀၊ တတိယဆုအတွက် ငွေကျပ်ငါးသောင်း၊ တစ်သက်တာစာပေဆုအတွက် ငွေကျပ် နှစ်သိန်း ချီးမြှင့်ကြောင်း သိရသည်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ၂၀၀၃ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆု အင်္ဂလိပ်စာဘာသာရပ် တတိယဆုရ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မောင်တင်ထွန်းအောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဖြည့်စွက်ဖတ်ရှုပါရန်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ယမန်နေ့ထုတ် သတင်းစာများတွင် အမျိုးသမီးစာရေးဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေး၏ နှစ်ပေါင်း (၁၀၀)ပြည့် အခမ်းအနား ကျင်းပသတင်းတွင် စာရေးဆရာမကြီး ယုဝတီခင်စိန်လှိုင်၊ စာရေးဆရာမကြီး ဒေါ်စောမုံညင်း၊ ဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေး၏တူမ ဒေါ်တင်တင်မ၊ ဇာတ်မင်းသားကြီး ဦးရဲစိန်နှင့် ယုဝတီကလောင်ရှင်များကိုယ်စား ယုဝတီရွှေဝါစိန်တို့က အသီးသီး ဂုဏ်ပြုဟောပြောကြကြောင်း ဖြည့်စွက်ဖတ်ရှုကြပါရန်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၂-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋက ရေ၊ မွေ့ဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ
၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀ ၈။ ရွှေလီတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၂၀ ၇။ တေးဂီတအစီအစဉ်
၅:၃၅ ၈။ အကပဒေသာ
၅:၅၀ ၉။ ဘိုင်းဒါးရေလှောင်တမံ
၆:၀၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၆:၁၀ ၁၁။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၆:၂၀ ၁၂။ Discovery.
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ Milo Success in Soccer.
၇:၁၀ ၁၆။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၇:၂၅ ၁၇။ တေးဂီတအစီအစဉ်
၇:၃၅ ၁၈။ (၅၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်ပန်းချီ၊ပန်းပုပြိုင်ပွဲ ပြပွဲကြိုတင်ပြင်ဆင်မှုများ (အခြေခံပညာအဆင့်)
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်ဆိုသည်မှာ (အပိုင်း-၁)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ပုဂံညောင်ဦးမြို့ ရွှေဟောင်းစေတီတော် အမှတ် (၈၆၁) စေတီတော်အား တင်လှူပူဇော်မည့် စိန်ဖူးတော်ကို ရထားပျံပေါ်သို့ ပင့်ဆောင်ပြီး နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။
(သတင်းစဉ်)

*** ကျောဖုံးမှ**

ထို့အတူ အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တ အရိယာဝံသ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စေတီတော်အမှတ်(၈၆၀) ငြမ်းအထက်သို့ ဆက်လက်တက်ရောက်ကြပြီး ဥပါသကာများ တင်လှူပူဇော်ထားပြီးဖြစ်သည့် ရွှေထီးတော် ဘုံဆင့်နှင့် ငှက်မြတ်နားတော်အပေါ်၌ စိန်ဖူးတော်ကို တင်လှူပူဇော်ကြသည်။ ယင်းနောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံဆင့်များကို နံ့သာရည်များဖြင့် ပက်ဖျန်း၍ ရောင်တော်ဖွင့်ပူဇော်ကြပြီး မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေဟောင်းစေတီတော်အမှတ်(၈၆၀)နှင့် (၈၆၁) စေတီတော်နှစ်ဆူ ရွှေထီးတော်တင် မင်္ဂလာအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း ပခုက္ကူမြို့သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးစိန်ဝင်းနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် မကွေးတိုင်း ပခုက္ကူမြို့၌ ကျင်းပသည့် ၂၀၀၃ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူ စာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီးနောက် မွန်းတည့် ၁၂နာရီတွင် ပခုက္ကူမြို့ရှိ ပခုက္ကူတက္ကသိုလ် ပင်မဆောင် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိကြရာ အဆင့်မြင့် ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိမ်းမြင့်၊ ဒုတိယပါမောက္ခချုပ် ဦးစိုးမြင့်၊ ပါမောက္ခ၊ ဌာနမှူးများ၊ ကထိကများနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရွှေဦးစွာ ရှင်းလင်းဆောင်၌ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက ပခုက္ကူတက္ကသိုလ် ပင်မဆောင် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၏ တည်နေရာနှင့် အကျယ်အဝန်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧဒင်အုပ်စု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က ပခုက္ကူတက္ကသိုလ် ပင်မဆောင် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းမြေနေရာအနေအထား၊ ပခုက္ကူတက္ကသိုလ် ပင်မဆောင်၏ ဗိသုကာပုံစံနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားမှု၊ ပင်မဆောင်တွင် ပါဝင်မည့် အခန်းဖွဲ့စည်းမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ဗိသုကာပုံစံ၏ လိုအပ်ချက်များကို ဖြည့်စွက်ပြင်ဆင် အတည်ပြုပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကိုမှာကြားပြီး ရှုရပ်မှနေ၍ ပခုက္ကူတက္ကသိုလ်ပင်မဆောင် တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ပခုက္ကူခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရွှေဦးစွာ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးက ပခုက္ကူခရိုင်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မြေသယံဇာတအခြေအနေ၊ မိုးရွာသွန်းမှု၊ ဆည်ရေရရှိမှု၊ မြစ်ရေတင်လုပ်ငန်း၊ ကန်နှင့် စက်ရေတွင်းများမှ ရေသယံဇာတရရှိမှု၊ အဓိကသီးနှံကိုးမျိုး စိုက်ပျိုးထားမှု၊ စပါးလျာထားချက်နှင့် စိုက်ပျိုးနိုင်မှု၊ ပြောင်းနှင့် ပဲမျိုးစုံစိုက်ပျိုးမှု၊ ဆီထွက်သီးနှံနှင့် ဝါမျိုးစုံစိုက်ပျိုးမှု၊ စားဖိုဆောင်သီးနှံစိုက်ပျိုးမှု၊ သီးနှံစိုက်စွမ်းအားတိုးမြှင့်ဆောင်ရွက်နေမှု၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ စိုက်ပျိုးရေရရှိရန် စီစဉ်ဆောင်ရွက်နေမှု၊ မွေးမြူရေး၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ သည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဝမ်းစာဖူလုံရေး၊ တွဲဖက်အခြေခံပညာကျောင်းများ အဆင့်မြှင့်တင်ပေးရေး ကျန်းမာရေးလုပ်ငန်း လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ပခုက္ကူခရိုင်ဒေသအခြေနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအရ စပါး၊ ဝါ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးတို့တွင် ရည်မှန်းချက်များ ပြည့်မီအောင် တိုးချဲ့စိုက်ပျိုးသွားရန် လိုနေသေးသည်ကို တွေ့ရှိရကြောင်း၊ ထို့ပြင် ၂၀၀၅-၂၀၀၆ခုနှစ်တွင် ဒေသဝမ်းစာဖူလုံရေးအတွက် ရည်မှန်းချက်ချထားပြီး ဖြစ်သည်နှင့်အညီ အမှန်တကယ် ဒေသဝမ်းစာ ဖူလုံလာရေးအတွက် ရာသီဥတုကိုအကြောင်းပြနေ၍နှင့် မပြီးဘဲ နည်းလမ်းရှာကြံပြီး အခက်အခဲများကို ကျော်လွှားနိုင်အောင် ကြိုးစား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ အစေ့ထုတ်ပြောင်း၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ၊ ကြံစသည့် သီးနှံ ၁၀မျိုး အထွက်နှုန်းတိုးရေး၊ ပန်းတိုင်ရည်မှန်းချက်များ အောင်မြင်ရေးကိုလည်း နှစ်စဉ်တိုးတက်အောင် စီမံကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများကလည်း သူ့တာကိုယ့်တာမခွဲဘဲ လိုအပ်သည့် ကူညီမှု၊ ပံ့ပိုးမှုများပေးသွားကြရန် လိုကြောင်း။

ပခုက္ကူဒေသသည် မိုးရေချိန်နည်းပြီး ခြောက်သွေ့ဒေသဖြစ်၍ စိုက်ပျိုးရေးအားနည်းသည့် ဒေသဖြစ်သော်လည်း စိုက်ပျိုးရေရရှိရေးအတွက် ဒေသတာဝန်ရှိပုဂ္ဂိုလ်များက နည်းလမ်းများရှာကြံပြီး တိုးတက်လာအောင် ဆောင်ရွက် ပေးသွားကြရမည်ဖြစ်ကြောင်း။

ဖြည့်ဆည်းပေးလျက်ရှိ

နိုင်ငံတော်အကြီးအကဲက ပခုက္ကူမြို့ကို ဧရာဝတီမြစ်၏ အနောက်ခြမ်း မြို့တော်ဖြစ်ရေး၊ ပခုက္ကူဒေသ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လမ်းညွှန်ထားပြီး လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ပခုက္ကူဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူများ လူနေမှုဘဝမြင့်မားလာရေးတို့အတွက် စိုက်ပျိုးရေရရှိရန် မြစ်ရေတင်စီမံကိန်းများ၊မြေအောက်ရေရရှိရေးစီမံကိန်းများ၊ ဆည်တမံများ တည်ဆောက်ပေးလျက်ရှိကြောင်း၊ ဤသည်မှာ သဘာဝအရင်းအမြစ်များကို လူ့စွမ်းရည်ဖြင့် တီထွင်ကြံဆပြီး နည်းလမ်းရှာဖွေလုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ပခုက္ကူဒေသအတွင်း လိုအပ်သည့်နေရာများတွင် အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်းတို့ကို စီမံဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ အဆင့်မြင့်ပညာသင်ယူနိုင်ရေးအတွက် ပခုက္ကူ ဒီဂရီကောလိပ်ကိုလည်း တက္ကသိုလ်အဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့ပြီး ယနေ့နံနက်ပိုင်းကပင် ပခုက္ကူတက္ကသိုလ်ပင်မဆောင် တည်ဆောက်မှုအတွက် စီစဉ်ဆောင်ရွက် ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ် တို့ကိုလည်း ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ ခုတင်-၂၀၀ဆံ့ အထူးကုဆေးရုံကြီးအဖြစ် တိုးမြှင့်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ပြင် ဤဒေသနေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိ ပေါပေါက်လာစေရေးအတွက် ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံနှင့် ဆေးဆိုးပန်းရိုက်စက်ရုံများကို တည်ဆောက်ပေးလျက်ရှိသကဲ့သို့ သွားလာမှုလွယ်ကူအဆင်ပြေစေရေးအတွက် ရထားလမ်း၊ ကားလမ်းများလည်း ဖောက်လုပ်ပေးထားကြောင်း။

ကွက်လပ်မကျန်

နိုင်ငံတော်အနေဖြင့် နယ်စပ် အစွန်အဖျားဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ချမှတ်ဆောင်ရွက်ပေးနေသည့်အပြင် တစ်နိုင်ငံလုံး ကွက်လပ်မကျန်မျှတစွာ ဖွံ့ဖြိုးမှုများရရှိစေရေး အထူးဇုန်ကြီးများ သတ်မှတ်ပေးပြီး ကွက်လပ်မကျန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကဏ္ဍအလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသ အစွန်အဖျားဒေသများအပြင် အတွင်းပိုင်းဖြစ်သော ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ်ချမှတ်ပြီး ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်က ဗဟို၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် စီမံခန့်ခွဲရေး ယန္တရား အဆင့်ဆင့်ကို စနစ်တကျဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ရာ မိမိတို့၏ စီမံခန့်ခွဲရေးယန္တရားကို မှန်မှန်ကန်ကန်နှင့် သွက်သွက်လက်လက် လည်ပတ်သွားကြရန်လိုကြောင်း။

လုံ့လဝီရိယစိုက်ထုတ်

ဗဟိုကချမှတ်ပေးထားသည့် စီမံကိန်း ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဖွဲ့စည်းပေးထားသည့် စီမံခန့်ခွဲရေးယန္တရားအဆင့်ဆင့်က တာဝန်ကျေပွန်စွာဖြင့် လုံ့လဝီရိယ စိုက်ထုတ်ပြီး စေတနာပေါင်းစပ်ကာ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူများ လူနေမှုဘဝ မြင့်မားရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့မှတစ်ဆင့် ပခုက္ကူမြို့နယ် ကျပ်ပြည့်ကျေးရွာသို့ရောက်ရှိကြသည်။

ကျောင်းမြေပေးအပ်လှူဒါန်း

ထို့နောက် မကွေးတိုင်း ပခုက္ကူမြို့နယ် ကျပ်ပြည့်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ အေးချမ်းဖြိုး ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ ကျောင်းမြေပေးအပ်လှူဒါန်းပွဲ၊ ပညာခေတ် ကျောင်းဆောင်အခါတော်တိုင်ထူမင်္ဂလာပွဲနှင့် စက်ရေတွင်းဖွင့်ပွဲကို အဆိုပါ ကျောင်းပရဝဏ်အတွင်းရှိ သက်ဆိုင်ရာ နေရာအသီးသီး၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ မန္တလေးမြို့ စကုတိုက် အောင်မင်္ဂလာ ခြောက်ထပ်ကျောင်း ဆရာတော်ဂဏဝါစက နယဒေသက(ဥပဒေဝိဇ္ဇာဘွဲ့ရ) ဘဒ္ဒန္တပညိန္ဒ အမှူးပြုသော ပတ်ဝန်းကျင် ကျေးရွာများမှ ကျောင်းထိုင်ဆရာတော်များ ကြွရောက်တော်မူကြပြီး စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ပခုက္ကူမြို့နယ် ကျပ်ပြည့်အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အေးချမ်းဖြိုးကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

❐ စာမျက်နှာ ၁၀မှ

ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကျပ်ပြည့် ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ပညာခေတ်ကျောင်းဆောင် မင်္ဂလာအခါတော်တိုင် စိုက်ထူခြင်း အခမ်းအနားကို ကျင်းပရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များက မင်္ဂလာအခါတော်တိုင်ကို စိုက်ထူပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မင်္ဂလာအခါတော်တိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

ဆက်လက်၍ ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကျပ်ပြည့် ကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို အဆိုပါ စက်ရေတွင်းရှေ့၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းထွန်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့က ဖဲကြိုးဖြတ်၍ စက်ရေတွင်းကို ဖွင့်လှစ်ပေးကြသည်။

စက်ရေတွင်းကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အဖွဲ့ဝင်များသည် စက်ရေတွင်းကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်က ပံ့ပိုးငွေကျပ် ၅၅သိန်း၊ အများပြည်သူထည့်ဝင်ငွေ ကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ် ၁၀၅ သိန်း အကုန်အကျခံ တည်ဆောက်ထားသည့် အလျားပေ ၂၇၀၊ အနံပေ ၃၀ရှိ အေးချမ်းဖြိုးကျောင်းဆောင်သစ်ဖွင့်ပွဲကို အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းတို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

စုပေါင်းဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ရှေ့၌ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် အတူစုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အိမ်တွင်းမှုခန်းနှင့် Audio ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ စကုတိုက် အောင်မင်္ဂလာ ခြောက်ထပ်ကျောင်း ဆရာတော် ဘဒ္ဒန္တ ပညိန္ဒနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဆရာတော်ကြီးများအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ကျပ်ပြည့် ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ပေးပြီး ကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူအားပေးအပ်သည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာ၊ ဆရာမများနှင့် အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆိပ်ဖြူမြို့သို့ရောက်ရှိ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူခရိုင် ဆိပ်ဖြူမြို့သို့ ရောက်ရှိကြရာဆိပ်ဖြူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ရှေးဦးစွာ အမျိုးသား ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆိပ်ဖြူမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာကံလှိုင်နှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံမေးမြန်း

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးရုံခန်းမ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး ကျေးလက် ကျန်းမာရေးစောင့်ရှောက်မှု၊ ဆောင်ရွက်မှု အခြေအနေများကို မေးမြန်းသည်။

ရှေးဦးစွာ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကံလှိုင်နှင့် ကျန်းမာရေးမှူးများ၊ ကျေးလက် ကျန်းမာရေး ဆရာမများက မြို့နယ်၏ ကျန်းမာရေး စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ အဖြစ်များသောရောဂါများ ကာကွယ်ရေး၊ ကုသရေး၊ ပညာပေးရေး ဆောင်ရွက်နေမှု၊ ကျေးလက်သန့်ရှင်းသော ရေရရှိမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

အဆင့်တိုးမြှင့်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဆိပ်ဖြူမြို့ ပြည်သူ့ဆေးရုံကို ၁၆ခုတင်မှ ၂၅ခုတင် အဆင့်တိုးမြှင့်ပေးပြီး ကျေးလက်၌ အဖြစ်များသော ရောဂါများ ကြိုတင်ကာကွယ်ရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျေးလက်ဒေသ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ မြို့နယ် ကျန်းမာရေးကော်မတီက ဦးဆောင်ပြီး မိမိမြို့နယ်အတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ဒေသဆင်းပြီး လက်တွေ့ကျကျ ဆောင်ရွက်ကြရေးမှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆိပ်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်စောလွင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေးအားပေး

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Visual Room၊ Learning Centre၊ Computer Skills Room၊ Language Lab၊ Computer Aided Instruction Room၊ Study Room နှင့် ရသအနုပညာ (ပန်းချီ)ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည်ကျောင်းခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲလှနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က မြို့နယ်၏ ဆက်သွယ်ရေးလုပ်ငန်း အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဝမ်းစာဖူလုံရေး ဆောင်ရွက်နေမှု၊ ကျေးလက်သောက်သုံးရေရရှိမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တစ်ကျောင်းကို အထက်တန်းကျောင်း အဖြစ်လည်းကောင်း၊ အလယ်တန်းကျောင်း(ခွဲ)တစ်ကျောင်းကို အလယ်တန်းကျောင်းအဖြစ်လည်းကောင်း အဆင့်မြှင့်တင်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အဖွဲ့ ပခုက္ကူခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးဖွယ်ရာများကို ဆောင်ရွက်ပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း၊ ပခုက္ကူခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဆိပ်ဖြူမြို့နယ်အနေဖြင့် ဧရာဝတီမြစ်ကူး အနော်ရထာတံတား တည်ဆောက် ဖွင့်လှစ်ပေးထားပြီးဖြစ်၍ ဧရာဝတီအရှေ့ခြမ်းနှင့် လွယ်ကူစွာကူးသန်းသွားလာနိုင်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ ရရှိနေနိုင်ပြီဖြစ်ကြောင်း။

စေတနာအားထည့်

ဤဒေသသည် ရေရှားပါးသည့် ဒေသဖြစ်သည့်အလျောက် နိုင်ငံတော်က ရေရရှိရေး အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတာဝန်ခံများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူများ လူနေမှုဘဝမြင့်မားရေးတို့အတွက် ရရှိလာသည့် အခြေအနေကောင်းများကို ပြည်သူများ ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်ကြစေရန် စေတနာအားထည့်ပြီး ကြိုးပမ်း ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

မြို့နယ်များတွင် ကဏ္ဍအလိုက် ကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့မြို့နယ် မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပေါင်းစပ်ဝိရိယစိုက်ထုတ်ပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆိပ်ဖြူမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအားပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံညောင်ဦးလေဆိပ်သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

စုပေါင်းဓာတ်ပုံရိုက်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ ပခုက္ကူမြို့နယ် ကျပ်ပြည့် အခြေခံပညာ အလယ်တန်း ကျောင်း(ခွဲ) အေးချမ်းဖြိုးကျောင်းဆောင်သစ်ရှေ့၌ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့်အတူ စုပေါင်းဓာတ်ပုံ ရိုက်ကြစဉ်။

(သတင်းစဉ်)

ပခုက္ကူတက္ကသိုလ်ပုံစံငယ်

ပခုက္ကူတက္ကသိုလ်(ပင်မဆောင်) ပုံစံငယ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

အမိပြည်ထောင်စု၏ရှေ့ခေတ်သို့

၁။ ပြည်ထောင်စုဟု၊ ပေါင်းစုဖွဲ့စည်း
ပြည်ကြီးကျက်သရေ၊ အမိမြေကား
သွေးသားရင်းချာ၊ ‘ဗမာ, ကရင်’
‘ကချင်’ ချစ်ကျွမ်း၊ ‘မွန်, ရှမ်း, ရခိုင်’
တူပြိုင်သက်နှင်း၊ ‘ချင်း’ အမြုတေ
မသွေ‘ကယား’၊ စိတ်ထားတူညီ
ဤပြည်ထောင်စု၊ ညီနောင်ထုလျှင်
အသွင်အနှစ်၊ ဆန်းစစ်အမွေ
‘မျှဝေ ပင်လုံ၊ ပင်လုံစိတ်ထား’
ရင်းခံထားကြ။

၂။ ပြည်ထောင်စုဟု၊ ပေါင်းစုဖွဲ့စည်း
တစ်နည်းမှတ်ယူ၊ ဤဇမ္ဗူတွင်
စံပြလူ့ဘောင်၊ ထူထောင်ကာသွား
ဘိုးဘွားစဉ်ဆက်၊ တွဲလက်မဖြုတ်
အချုပ်အခြာ၊ ပြည်ရွာကိုထိန်း
မယိမ်းမယိုင်၊ သစ္စာတိုင်တည်
ဆုပန်ရွယ်ငြား၊ စဉ်လာအားတည့်။

၃။ ပြည်ထောင်စုဟု၊ ပေါင်းစုဖွဲ့စည်း
ပြည်ကြီးကျက်သရေ၊ အမိမြေ၌
စနစ်နှင့်ခေတ်၊ အသစ်အဟောင်း
မည်သို့ပြောင်းလည်း၊ အကြောင်းရင်းခံ
တို့သဏ္ဌာန်တွင်
အရေးကြီးက၊ သွေးနီးကြ၏။
အရေးကြုံက၊ သွေးဆုံကြ၏။
အရေးရှိက၊ သွေးညီကြ၏။
ကောင်းဘိစဉ်လာ၊ ညီညာတွဲလက်
စဉ်ဆက်သမိုင်း၊ အနှိုင်းမဲ့ဖြစ်
မော်ကွန်းစစ်၍၊ ထွန်းသစ်နိုင်ငံ
ထူရန်ရွယ်ထား၊ တို့သွေးသားတည့်။

၄။ အောင်မြေစခန်း၊ ရှေ့ဆက်လှမ်းရန်
လမ်းစဉ်ခုနစ်ရပ်၊ ကြေညာအပ်၍
ချမှတ်ထင်ရှား၊ ပြဋ္ဌာန်းထား၏
မနားမနေ၊ ချီလေ, ညီစေ
မနေမနား၊ တို့များလျှောက်လှမ်း
လှမ်းစို့တူပြိုင်၊ တို့ပန်းတိုင်ကို
ဆုပ်ကိုင်မိမိ၊ ကမ္ဘာသိကြွေးကြော်
အရေးတော်ကို
တွေးခေါ်လက်တွေ့ ပေါင်းစပ်မည်။ ။

ဗလမင်းထင်

ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူ ဗုဒ္ဓပူဇနီယတပေါင်းပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်ကို မတ်၁ရက်မှ မတ်၄ရက်အထိ ဇာတ်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပသွားမည်ဖြစ်ပြီး မတ် ၄ ရက် မွန်းလွဲ၁နာရီတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုလည်းကောင်း၊ မတ် ၅ ရက် နံနက် ၄ နာရီတွင် ဆွမ်းတော်ကြီး လောင်းလှူပွဲကို လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

ဖေဖော်ဝါရီ ၁၈ ရက်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ အမျိုးသမီးရေးရာအဖွဲ့ချုပ် လုပ်ငန်းများ ရှင်းလင်းပြောကြားစဉ်။

(သတင်းဖော်ပြပြီး)(သတင်းစဉ်)

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်၌ကျရောက်သော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ အနှစ်(၂၀)မြောက် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မင်းသားဟာဂျီမိုဟာမက်ဘိုလ်ကီးယားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

(သတင်းစဉ်)

ဝံသာနုသတင်းလွှာ ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ကုန်းဘောင်ခေတ်နှောင်း သီပေါမင်းလက်ထက်တွင် ထင်ရှားခဲ့သော မြန်မာ့နန်းတွင်းပန်းချီဆရာကြီး ဆရာချို၏ နန်းတွင်းပန်းချီလက်ရာနှင့်အတူဆရာချိုနှင့်သားများ၏ပုံကို ဖော်ပြထားသော “ဝံသာနု”သတင်းလွှာ အတွဲ(၁၃)၊ အမှတ် (၄)ကို ယနေ့ထုတ်ဝေလိုက်သည်။ **(ယာပုံ)**

ဝံသာနုသတင်းလွှာတွင် မြိတ်မြို့နယ် ကလွင်စုံခေါင်းကျေးရွာရှိ ဥယျာဉ်ခြံမြေအတွင်းမှ ရှေးဟောင်းရွှေထည်၊ ငွေထည်ပစ္စည်းများ၊ ငပုတောမြို့နယ် ပိုးလောင်းကျေးရွာဝန်းကျင်နှင့် မြစ်တစ်ရာသစ်တောကြိုးဝိုင်းမှ တရားမဝင်သစ်များ၊ သိဒ္ဓိတန်ခိုးနှင့် ဆယ်ဆမတိုးဘဲ လိမ်လည်သွားသော ရွှေထည်ပစ္စည်း၁၈သိန်းကျော်ဖိုး၊ ဗန်းမော်မြို့နယ်အတွင်း ဧရာဝတီမြစ်ရိုးတစ်လျှောက်မှ တရားမဝင်သစ်များနှင့် မူးယစ်ဆေးဝါးများ၊ သီရိမွန်ပလာဇာမှ သိန်း၃၀ဖိုးရှိ တရားမဝင် အချိုမှုန့်အိတ်များ၊ သံဖြူဇရပ်မြို့ မော်တော်ယာဉ်ပေါ်မှ လူမှောင်ခိုဂိုဏ်းဝင်ခြောက်ဦး စသော ပြည်တွင်းသတင်းများနှင့် လူသားမျိုးနွယ်အစ အာရှမှ၊ လုံခြုံရေးကျိုးပေါက်နေသော ဗြိတိန်လေယာဉ်ကွင်းများ၊ အီရတ်မြေပေါ်မှ ဗုံးပေါက်ကွဲမှုများ၊ ရွှေကမ္ဘာလုံးပွဲတော်မှ ကမ္ဘာကျော်ရုပ်ရှင်မင်းသမီးများ၏ ဖက်ရှင်အလှအပါအဝင် ပြည်တွင်း၊ ပြည်ပနိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ၊ အမှတ်(၄၁)၊ ၂၉-လမ်း၊ ရန်ကုန်မြို့ကဖြန့်ချိကြောင်း သိရသည်။

(က-ပ)

အင်အားအသင့်အတင့်မြေငလျင်လှုပ်ရှား

ရန်ကုန် ဖေဖော်ဝါရီ ၂၂

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် မြန်မာစံတော်ချိန် ၁၃နာရီ ၂၀မိနစ် ၂၅စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏တောင်ဘက်မိုင် ၁၃၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ဒသမ ၀အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားခြင်းကိုတိုင်းထွာရရှိကြောင်းသက်ဆိုင်ရာကသတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း (၁၅)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ညစာစားပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ (၁၅)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ယမန်နေ့ ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပရာ နာယက ဦးလှထွေးက အဖွင့်အမှာစကားပြောကြားသည်။ နှစ်ပတ်လည် အစီရင်ခံစာကို ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖကလည်းကောင်း၊ ငွေစာရင်းရှင်းတမ်းကို အတွင်းရေးမှူး ဦးညွန့်တင်က လည်းကောင်းတင်ပြရာ အတည်ပြုကြသည်။

ထို့နောက် ၂၀၀၄-၂၀၀၅ ခုနှစ်အတွက် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ရာတွင် မြန်မာနိုင်ငံ-နိုင်ငံခြားသတင်းထောက်များအသင်းနာယကအဖြစ် ဦးလှထွေး(Nihon Keizai Shimbun)၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ (Mainichi)၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်မြင့်(NHK)၊ အတွင်းရေးမှူး ဦးညွန့်တင်(Fuji TV)၊တွဲဖက်အတွင်းရေးမှူး ဦးအောင်လှထွန်း (Reuters)၊ ဘဏ္ဍာရေးမှူးဦးတင်မောင်အေး(Asahi) နှင့် စာရင်းစစ် ဦးမင်းဇော်(Tokyo Shimbun)တို့ကို ရွေးချယ်တင်မြှောက်ကြသည်။

ဆက်လက်၍ တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားမည့် (Xinhua News Agency) မှ Chief Correspondent-Mr. Duan Ting Chang အား နှုတ်ဆက်ဂုဏ်ပြုခြင်းနှင့် ၎င်း၏ နေရာတွင် ဆက်လက် တာဝန်ထမ်းဆောင်မည့် Mr. Zhang Yenfei အား ကြိုဆိုဂုဏ်ပြုခြင်းကို ကျင်းပသည်။

အစည်းအဝေးအပြီးတွင် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဗိုလ်မှူးချုပ်သိန်းဆွေ၊ဗိုလ်မှူးချုပ်ကျော်သိန်း၊ ဗိုလ်မှူးကြီးတင်ဦး၊ ဗိုလ်မှူးကြီးလှမင်းနှင့် တပ်မတော်အရာရှိများ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်း၏ (၁၅)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ကျင်းပစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေ မြိတ်မြို့၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ခွဲစိတ်ပြုပြင်မှုကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက ဒေါ်နုနုဆွေနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၀ရက် မွန်းလွဲပိုင်းတွင် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိလာရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ ဆောင်ရွက်လျက်ရှိသော မွေးရာပါချွတ်ယွင်းချက်ရှိနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ခွဲစိတ်ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုအားပေး၍ လူနာတစ်ဦးချင်းအား ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တနင်္သာရီတိုင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက တိုင်းမှူး၏ ဇနီးဒေါ်နုနုဆွေနှင့် ကြီးကြပ်မှုကော်မတီဝင်များ၊ဖိတ်ကြားထားသော တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မြိတ်မြို့ အထွေထွေ ရောဂါကုဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တနင်္သာရီတိုင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအတွက် အလှူငွေ ပေးအပ်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အမှာစကား ပြောကြားပြီး မွေးရာပါချွတ်ယွင်းချက်ရှိ လူနာများအား ခွဲစိတ်ကုသရာတွင် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ အတွက် အလှူငွေများကို အလှူရှင်များက ပေးအပ်ရာ ခွဲစိတ်ရာတွင်သုံးစွဲသော ဆေးပစ္စည်းများအတွက် ကုန်ကျငွေ ၁၁၇၇၁၀၂ကျပ်ကို မျက်နှာ၊မေးရိုး၊ခံတွင်းနှင့် ပြုပြင်မှုဆိုင်ရာ ခွဲစိတ်မှုဌာနမှ ပါမောက္ခ ဒေါက်တာ ခင်မောင်လွင်က လည်းကောင်း၊ လူနာများအတွက် စားစရိတ်ထောက်ပံ့ငွေကျပ် ၁၉၈၀၀၀ကို တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဝင်းက လည်းကောင်း အသီးသီးလက်ခံကြသည်။

ဆက်လက်၍မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းသို့ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများခွဲစိတ်ရန် အတွက် တနင်္သာရီတိုင်းအတွင်းမှ အလှူရှင် ၁၃ဦးတို့က စုစုပေါင်း အလှူငွေကျပ် ၄၁သိန်းကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဆွေဝင်းက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တနင်္သာရီတိုင်းအတွင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များက ရှာဖွေစုဆောင်း ထားရှိသောနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၁၀၇ဦးတို့အား မြိတ်မြို့ အထွေထွေ ရောဂါကုဆေးရုံကြီး၌ ခွဲစိတ်ကုသပေးမည်ဖြစ်သည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် မွေးရာပါချွတ်ယွင်းချက်ရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ ကရင်ပြည်နယ် ဘားအံမြို့၌အမျိုးသမီးရေးရာအဖွဲ့လုပ်ငန်းများရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ကွင်းဆင်းအဖွဲ့ခေါင်းဆောင် ဒေါ်သန်းသန်းနွဲ့နှင့် တာဝန်ရှိသူတို့သည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာများ ရှင်းလင်းရန်အတွက် မွန်ပြည်နယ် မော်လမြိုင်မြို့မှ ဖေဖော်ဝါရီ ၂၀ရက် နံနက် ၇နာရီတွင် ထွက်ခွာခဲ့ရာ ကရင်ပြည်နယ် ဘားအံမြို့သို့ နံနက် ၈နာရီခွဲတွင် ရောက်ရှိကြသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ကရင်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့်အခမ်းအနားကိုနံနက် ၉နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ တိုင်းမှူး၏ ဇနီး ဒေါ်သန်းသန်းနွဲ့၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်တပ်မမှူး၏ ဇနီး ဒေါ်နန်းစန္ဒာစမ်း၊ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၏ အထောက်အကူအဖွဲ့ဝင်များ၊ ပြည်နယ် အမျိုးသမီးရေးရာ နာယက အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊လုပ်ငန်းအဖွဲ့ဝင်များ၊ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အမှာစကား ပြောကြားရာတွင်မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် ပြည်နယ်နှင့်တိုင်း အသီးသီးတို့သို့ ကွင်းဆင်း၍ လုပ်ငန်းရှင်းလင်းပွဲများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ကရင်ပြည်နယ်ဘားအံမြို့သို့လာရောက်ရခြင်းမှာ ကရင်ပြည်နယ်အတွင်း ဖွဲ့စည်းထားပြီးဖြစ်သော အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားရန် ဖြစ်ကြောင်း၊မြန်မာနိုင်ငံရှိ လူဦးရေ၏ ၅၀ ဒသမ ၃ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သည့်အလျောက် အမျိုးသမီးရေးရာကိစ္စများသည် ကြီးမားကျယ်ပြန့်လှသည့်အတွက် တစ်နိုင်ငံလုံး၏ အတိုင်းအတာဖြင့် ထိရောက်စွာ လွှမ်းခြုံဆောင်ရွက်နိုင်ရန် အကန့်အသတ်များရှိနေကြောင်း၊သို့အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၀ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ယခုဖွဲ့စည်းလိုက်သည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊အမျိုးသမီးရေးရာအဖွဲ့ချုပ်သည်အမျိုးသမီးများ၏ အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်၍ မွန်မြတ်သည့်ရည်ရွယ်ချက် ခုနစ်ချက် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးထုအား အမျိုးသမီးရေးရာ အဖွဲ့ဝင်အဖြစ် ပါဝင်လာစေရေးအတွက် မဝင်မနေရ တိုက်တွန်းခြင်းမပြုဘဲ မိမိတို့၏ ဆန္ဒသဘောထားအရသာ လျှောက်ထားကြရန် နှိုးဆော်ပေးရမည်ဖြစ်ကြောင်း၊အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသမီးများ၏ ဘဝလုံခြုံမှုရှိစေရေးစသည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များကို သိရှိနားလည် သဘောပေါက်ကြပြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဆောင်ပုဒ်ဖြစ်သည့် "အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့" နှင့်အညီ အခမ်းအနားသို့ တက်ရောက်လာကြသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများအဖွဲ့မှ ဒေါ်ကြူကြူက အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံ၊ပြည်နယ်နှင့်တိုင်း၊ခရိုင်၊မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအဆင့်ဆင့်တို့၏ ဖွဲ့စည်းပုံနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်အဖြစ် လျှောက်ထားကြရာတွင်သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း အသေးစိတ်တို့ကိုလည်းကောင်း၊ ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မြမြက ပညာရေး၊ ပြန်ကြားဆက်သွယ်ရေး၊အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးငယ်ရွယ် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင်ဒေါ်ရင်ရင်လေးက စီးပွားရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေးနှင့် စီမံရေးရာ၊ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို လည်းကောင်း အသီးသီးရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ကရင်ပြည်နယ်မှ စေတနာအလျောက် ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၄၂သိန်းကို အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်၍ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ကွင်းဆင်းအဖွဲ့ခေါင်းဆောင် ဒေါ်သန်းသန်းနွဲ့နှင့် တာဝန်ရှိသူတို့သည် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များနှင့် နံနက် ၁၀နာရီခွဲတွင် အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ညှော်ရိပ်သာခန်းမ၌ တွေ့ဆုံရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ကရင်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် လာရောက်တွေ့ဆုံ၍ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ ရှင်းလင်း ပြောကြားခဲ့ပြီးဖြစ်၍ ရှေ့ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်ကြောင်း၊ မရှင်းလင်းသည့် အချက်အလက်များနှင့် သိရှိလိုသည့် အချက်အလက်များကို တင်ပြနိုင်ကြောင်းဖြင့် ပဏာမရှင်းလင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အုပ်ချုပ်ရေးမှူးက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီအနေဖြင့်ဆောင်ရွက်ထားရှိခဲ့သည့် လုပ်ငန်းကဏ္ဍအသီးသီးတို့ကို တင်ပြပြီး ကရင်ပြည်နယ်အမျိုးသမီးရေးရာ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ မရှင်းလင်းသည့်အချက်အလက်များနှင့် သိရှိလိုသည့် အချက်အလက်များ မေးမြန်းကြသည်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့်အဖွဲ့ဝင်များ ကရှင်းလင်းပြောကြားကာ အခမ်းအနားကို နံနက် ၁၁နာရီခွဲ တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အလှူငွေလက်ခံ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ ကရင်ပြည်နယ်မှ စေတနာအလျောက် ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံယူစဉ်။

(သတင်းစဉ်)

သုံးထပ်ကျောင်းတော်ကြီး ရေစက်ချမင်္ဂလာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) (၁၃)ရပ်ကွက် ရှင်ထွေးညိုလမ်းရှိ သုခမာန်အောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကေသရနှင့် အလှူရှင်များ စုပေါင်းဆောက်လုပ်လှူဒါန်းသော သုခမာန်အောင် သုံးထပ်ကျောင်းတော်ကြီးဖွင့်ပွဲနှင့် ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ၂၅ရက် (ဗုဒ္ဓဟူးနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိုင်းနှင့်မြို့နယ် သံဃနာယက ဆရာတော်များ ကြွရောက်တော်မူမည်ဖြစ်ပြီး ပင့်သံဃာများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဝေပုလ္လသန္တိသုခကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇော်ပွဲရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားတွင် သာသနာ့ဝေပုလ္လကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာနန္ဒာဘိသီရိအား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်စဉ်။ (သတင်းစဉ်)

ဝေပုလ္လသန္တိ သုခ သုံးထပ်ကျောင်းတော်ကြီး ရေစက်ချအလှူတော် ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်ရှိ သာသနာ့ ဝေပုလ္လကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာနန္ဒာဘိသီရိနှင့် အလှူရှင်များက စုပေါင်းဆောက်လုပ်လှူဒါန်းသော ဝေပုလ္လသန္တိသုခ သုံးထပ်ကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇော်ပွဲ ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါကျောင်းတော်ကြီးခန်းမ၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းနှင့် မြို့နယ်သံဃနာယက အဖွဲ့ဝင်ဆရာတော်များ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြသည်။

အဆိုပါ ဝေပုလ္လသန္တိသုခ သုံးထပ်ကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် မတည်အလှူရှင်များအဖြစ် သာသနဝေပုလ္လကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပညာနန္ဒာဘိသီရိက ငွေကျပ်သိန်း၅၀၀၊ ဦးအောင်နိုင်- ဒေါ်ကြင်ကျူး (ကျော်အင်ဂျင်ဝိုင် ရောင်းဝယ်ရေး) မိသားစုက ဘုရား၊ ဘုရားကျောင်းတော်ပလ္လင်နှင့် အသုံးအဆောင်ပစ္စည်းများအတွက် ငွေကျပ်သိန်း ၁၀၀၊ ဦးအောင်လွင်-ဒေါ်ခင်ငွေခိုင်မိသားစုက စေတီတော်မုခ်ဦးနှင့် ကျောင်းတော်ကြီးအမိုးအတွက် ငွေကျပ် သိန်း၁၀၀၊ ဝင်းစားတော်ဆက် (၁၉)လမ်းမိသားစုက ငွေကျပ်သိန်း၁၀၀ အပါအဝင် အလှူရှင်စုစုပေါင်း ၁၁ဦးတို့က စုပေါင်းလှူဒါန်းကြပြီး သံကူကွန်ကရစ် သုံးထပ် အမျိုးအစား ကျောင်းတော်ကြီးတွင် တရားဟောခန်းမ၊ ဆွမ်းစားဆောင်၊ သံဃာတော်များ သီတင်းသုံးဆောင်တို့ ပါဝင်ကာ စုစုပေါင်းကုန်ကျငွေ ကျပ် ၁၀၃၅ သိန်းဖြစ်သည်။ (သတင်းစဉ်)

အမှတ်(၃၉) စမ်းချောင်းလမ်း စမ်းချောင်းမြို့နယ်နေ ကွယ်လွန်သူ (ဦးမျိုးလွင်-ဒေါ်ခင်သန်း)၊ (ဦးဖိုးဆိုင်-ဒေါ်စိန်ခ)တို့အား ရည်စူး၍ ဒေါ်အေးကြည်နှင့် မောင်နှမတစ်စုမှ လှူဒါန်းငွေကျပ် နှစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူစဉ်။ (က-ပ)

ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ဆုချီးမြှင့်

ဆင်ဖြူကျွန်း ဖေဖော်ဝါရီ ၂၂

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ လူမှုဝန်ထမ်းဌာန ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၏ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကလေးများ ကဗျာရွတ်၊ ပုံပြော၊ အားကစားပြိုင်ပွဲ ဆုရသူများ ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် သုတေသီ ဒေါ်စိန်မြက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ သဘာပတိ ဥပဒေဆောင်ပါးရှင် ဦးမောင်မောင်အေး (ဘီအေ၊ ဘီအယ်လ်)က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူကလေးများက ၃၈ဖြာမင်္ဂလာ အဖွင့်ကဗျာကို သီဆိုကြသည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးနွယ်မြင့်က ကျောင်း၏ တစ်နှစ်တာဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆင်ဖြူကျွန်းမြို့ လူမှုရေး သိပ္ပံဘာသာလေ့လာရေးကော်မတီ ဆေးရုံအုပ် ဒေါက်တာဥမ္မာအေး၊ဦးထွန်းထွန်းလတ်၊ ဒေါ်မာလာနှင်း၊ ဦးဝင်းအောင်-ဒေါ်ခင်မာကြူတို့နှင့်စေတနာရှင်များက ကျောင်းအတွက် ပစ္စည်းနှင့်အလှူငွေများ ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးကလက်ခံရယူသည်။ **(အောက်ပုံ)** ထို့နောက် ပုံပြော၊ ကဗျာရွတ်၊ ကိုယ်ဟန်ပြဆုရ ကလေးများအား ဆုများအသီးသီး ချီးမြှင့်ပြီး ကလေးများ၏ အနုပညာအစီအစဉ်ဖြင့် ဖျော်ဖြေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (၁၅၈)

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၃၉) ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အပတ်စဉ်ပုံမှန်ထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၃၉) ကို ယနေ့မှစတင်၍ ဖြန့်ချိလိုက်ပြီဖြစ်သည်။

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများကို ဦးဦးဖျားဖျား၊ ထူးထူးခြားခြားတင်ဆက်နေသည့် ယခုအပတ်ထုတ် နိုင်ငံတကာသတင်းဂျာနယ်တွင် ယုန်ကြောင့်ဖြစ်ပွားသော အာအိတ်ချ်ဒီဗွီရောဂါ၊ ဆီးရီးယားနိုင်ငံအကြောင်းသိကောင်းစရာ၊ ထိုင်းနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကိုကြောင်များ၌ တွေ့ရှိရခြင်း၊ ကျေးရွာပေါ်သို့ပျက်ကျသည့် ဂျက်တိုက်လေယာဉ်၊ ကမ္ဘာ့ကြေးနီ သန့်စင်လုပ်ငန်းဈေးကွက်သုံးသပ်ချက်၊ မြစ်များတွင် ကျက်စားသော လင်းပိုင်ငါးများကို သန်းခေါင်စာရင်း ကောက်ယူခြင်း၊ ပင်လယ်ပြင်အပူချိန် မြင့်တက်မှုနှင့် သန္တာကျောက်တန်း ထိခိုက်နိုင်ပုံ၊ ဂျပန်နှင့် အီရန်တို့၏ ရေနံလုပ်ငန်းကန်ထရိုက်၊ အနောက်အုပ်စုက မဟာအရှေ့အလယ်ပိုင်းစီမံကိန်း မည်သို့ရေးဆွဲထားသနည်း၊ လူပေါင်း ၃၀၀ နီးပါးသေဆုံးရသည့် ကုန်တင်ရထားပေါက်ကွဲမီးလောင်မှု၊ ၂၀၀၃ ခုနှစ် ကမ္ဘာ့သတင်း ဓာတ်ပုံဆုရ သတင်းဓာတ်ပုံများ၊ နိုင်ငံတကာ ဟာသ၊ ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေး ထုတ်လုပ်နိုင်တော့မည်လော၊ ဟေတီနိုင်ငံပဋိပက္ခ၊ ယူရေနီယမ်လွှဲပြောင်းပေးခဲ့သည့် အရုပ်တော်ပုံ၊ တောင်ကိုရီးယား၏ မြို့ပြနှင့် ကျေးလက် ကွာဟချက်၊ မငြိမ်းချမ်းသော ချေချင်းညာ စသည့်သတင်းများနှင့် ဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားကြောင်း သိရသည်။ (ကြေးမုံ)

သာမညတောင်ဆရာတော်
ဘဒ္ဒန္တဝိနယ မဟာထေရ်မြတ်ကြီး ၏
အန္တိမဗျာပနသာဝုကကိုဋ္ဌနမ္ပူဇာ
သာမညတောင်ဆရာတော် ဘဒ္ဒန္တဝိနယ မဟာထေရ်မြတ်ကြီး ၏
စေတီတော်နှင့် ဂူဗိမာန်ဖြစ်မြောက်ရေး ရံပုံငွေအထောက်
အပည့် အရှင် ဝိသုဒ္ဓါစာရ မှ မှတ်တမ်းတင် ထုတ်ဝေပါသည်။
22-2-04 တွင် ထွက်ပါပြီ။

Q . E . L . C (Language Centre)
* ကလေးများအတွက် နွေရာသီ ၃ လသင်တန်း (ပထမတန်းမှ နဝမတန်း အထိ)
* March 8, 12 ဖွင့်မည်။
* စကားပြော (BSE), 4SE, GRV
* IELTS, TOEFL, FCE, SAT
ဘုန်း (၄)ထပ်၊ ၄၆နှင့်၄၇ကြား ဗိုလ်တထောင်၊ ဖုန်း-၇၂၉၃၂၀။

ဝယ်သူအားပေးသူများသိစေရန်နှင့် ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်
ASAHI SUPER ASAHI FIRST QUALITY
အမှတ် (၇၆၁) ပထမထပ် အခန်း (၅) ကုန်သည်လမ်း ရန်ကုန်မြို့။

နှစ်ပေါင်း (၄၀) အောင်မြင်နေသော
အထူးကုဆေးခန်း
၃၄၂။ (ပထပ်) ရွှေဘုံသာအထက်လမ်း၊ ရန်ကုန်မြို့။
လိပ်ခေါင်း၊ ဂရင်ဂျီစအိုနာ၊ အရိုးအကြော
အမြန်ဆုံး ကုသပေးသည်။

Oceanic Pleasure Cruise
ချင်းတွင်း ပင်လယ်သွား အပျော်စီးရေယာဉ်



စနိုးစဥ်အမှတ် (၂) ပေလီခေသနိုးစဥ် (၄ ညအိပ် ၅ရက်)
သွားထွက်မည့်နေ့ - ၄-၃-၂၀၀၄ (ကြာသပတေးနေ့) / ပြန်ရောက်မည့်နေ့ - ၈-၃-၂၀၀၄ (တနင်္လာနေ့)
ထွက်ခွာမည့်ဆိပ်ကမ်း - နန်းသီတာဆိပ်ကမ်း (ပန်းဆိုးတန်း) / နှုန်း - လူကြီးကျပ် (၅၀၀၀၀) ၊ ကလေးကျပ် (၃၀၀၀၀)
မှတ်ချက် - အထူးခန်း (၂ - ယောက်အိပ်ခန်း) (၁၂) ခန်းပါသည်။ တစ်ဦးလျှင် ကျပ် ၅၀၀၀၀ (ဦးဆောင်မည်)။
စုံစမ်းရန်နှင့် လက်မှတ်ဝယ်ရန်နေရာများ * Khin Maung Kyi & Associates Co.,Ltd. ၁၂၉ (မြေညီထပ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၈၇၈၃၁၊ ၂၉၄၃၇၉ ၀၉ ၈၀ ၂၁၃၃၃၊ Hot Line ၀၉ ၈၀ ၃၃၉၈၀

ဗိုလ်မှာရ်အောင်စေတီတော် ထီးတော်တင်လှူပွဲ ကျင်းပမည်

သံဖြူဇရပ် ဖေဖော်ဝါရီ ၁၇

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့သမိုင်းဝင်ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင် မြတ်ဘုရားကြီးကုန်းတော်ပေါ်ရှိ ဗိုလ်မှာရ်အောင်စေတီတော် ထီးတော်တင်လှူပူဇော်ပွဲကို(တပေါင်းလပြည့်)မတ် ၅ရက်တွင် ကျင်းပမည်ဖြစ်သည်။

လှည့်လည်ပူဇော်

မတ် ၂ရက်(တပေါင်းလဆန်း ၁၂ရက်)တွင် ကျိုက္ခမီမြို့တွင်းသို့ ဒေသစာရီကြွချီတော်မူ၍ လှည့်လည်ပူဇော်ခြင်းကို ခံယူတော်မူမည်ဖြစ်သည်။ (၂၅၇)

ကျေးလက်ဖွံ့ဖြိုးရေး ဆရာဦးဘိုးမှတ်စာကြည့်တိုက်အတွက် အလှူငွေပေးအပ်ပွဲတွင် နာယက ဦးကျော်ငြိမ်း(အင်အားအားကစားဂျာနယ်နာယက)က ကျေးဇူးတင်စကားပြောကြားစဉ်။ (က-ပ)

ကျေးလက်ဖွံ့ဖြိုးရေး စာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်စာတမ်းများ ပေးအပ်

ဓနုဖြူ ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် သပြုကြားစုကျေးရွာတွင် ၁၉၅၃ ခုနှစ်က ဖွင့်လှစ်ခဲ့သည့် ပထမဆုံးအစိုးရမူလတန်းကျောင်း၏ ကျောင်းဆရာကြီးဦးဘိုးမှတ် အထိမ်းအမှတ်အဖြစ် ကျေးလက် ဖွံ့ဖြိုးရေး "ဆရာဦးဘိုးမှတ် စာကြည့်တိုက်"ဖွင့်လှစ်ရန် ကျောင်းသားဟောင်းများ၏ အလှူငွေနှင့် စာအုပ်စာတမ်းများ ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက်က သပြုကြားစုကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းတွင် ကျင်းပသည်။

ပေးအပ်လှူဒါန်း

ကျောင်းသားဟောင်းများ၏ ပေးအပ်လှူဒါန်းငွေ ကျပ်လေးသိန်းနှင့် စာအုပ်စာတမ်းများကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အကျိုးဆောင် ဦးကျော်ခင်တို့ကနာယကများဖြစ်ကြသည့်ဦးကျော်ငြိမ်း(အင်အားအားကစားဂျာနယ်နာယက)၊ ဦးစိုးမြင့် (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊သစ်တောဦးစီး)၊ ဦးကြည်တင့်(မန်နေဂျင်းဒါရိုက်တာ၊ ဗဟိုသမဝါယမ)၊ ဦးတိုးမြင့်(ဦးစီးအရာရှိ၊ အခြေခံပညာ-၁)တို့သို့ ပေးအပ်လှူဒါန်းခဲ့ကြသည်။ (က-ပ)

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တူးဖော်ခဲ့သော ချောင်းနွယ်ကျေးရွာသောက်သုံးရေကန်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဖြိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဇလွန်ပြည်တော်ပြန်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ဇလွန် ဖေဖော်ဝါရီ ၁၉

ဇလွန်မြို့ ကျက်သရေဆောင် မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၅ ခုနှစ်တပေါင်းလဆန်း ၉ရက်မှ တပေါင်းလပြည့်ကျော် ၁ရက် ဖေဖော်ဝါရီ ၂၈ရက်မှ မတ် ၆ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပွဲတော်ရက်အတွင်း ပျော်ပွဲရွှင်ပွဲများအဖြစ် မောင်ချမ်းသာ၏ ရွှေမန်းသဘင်၊ဆပ်ကပ်၊ လက်ဝှေ့၊ မျက်လှည့်၊ ရုပ်ရှင်၊ ဗီဒီယို၊ ဆိုင်း၊ ချားရဟတ်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ဈေးရောင်းချလိုသူများနှင့် ပျော်ပွဲရွှင်ပွဲထည့်သွင်းလိုသူများ ပွဲတော်ကျင်းပရေးအဖွဲ့ ရုံးဖုန်း-၀၄၄-၇၀၂၂၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ရွာသစ်ရွှေဒူးကျေးရွာချင်းဆက် မြေသားလမ်းပေါ်ရှိ ရွှေဒူးချောင်းသစ်သားတံတား ဆောက်လုပ်ပြီးစီးမှုကို ဇန်နဝါရီ ၃၁ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်ဝင်းတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ကလေးဝ ဖေဖော်ဝါရီ ၁၀

ကလေးဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်နှင့် ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြပွဲကို ကလေးဝမြို့နယ် ရှမ်းစုကျေးရွာ၌ ဖေဖော်ဝါရီ ၁ရက်မှ ၄ရက်ထိ ပြသခဲ့သည်။ ပြပွဲသို့ ရှမ်းစုကျေးရွာအနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ရဟန်းရှင်လူ ပြည်သူများ လာရောက်ကြည့်ရှုခဲ့ကြသည်။ ၎င်းအပြင် ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်ခင်ဝင်းက ရှမ်းစုကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက် ဖြစ်မြောက်ရေးကိစ္စများ ဆွေးနွေးခဲ့သည်။ **(မြို့နယ်ပြန်/ဆက်)**

စက်ရေတွင်း စစ်ဆေး

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၅

ကျောက်ပန်းတောင်းမြို့နယ် ရုံးကျေးရွာတွင် အလှူရှင် လှူဒါန်းငွေဖြင့် တူးဖော်ထားသည့် အနက်ပေ ၁၀၈၀ စက်ရေတွင်းမှ ကျေးရွာသူ၊ ကျေးရွာသားများ ရေရယူသုံးစွဲနေမှုအား ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းဦးတို့က ဖေဖော်ဝါရီ၁၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



ချင်းပြည်နယ် ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဟားခါးမြို့ ဟာအိုဆန်ဗာချောင်းကူး တံတားအသစ်တည်ဆောက်မှုကိုဖေဖော်ဝါရီ ၅ရက်က အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၂၆ သိန်းကျော် အကုန်အကျခံ ဆောင်ရွက်ခဲ့သော အရှည် ပေ၉၀၀၊ အကျယ် ၁၂ ပေရှိ လမ်းမတော်လမ်း ကတ္တရာလွှာ ထပ်တင်ခြင်းလုပ်ငန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်းနှင့် မြို့နယ်စည်ပင်လက်ထောက် အင်ဂျင်နီယာဦးဇော်ဝင်းထွဋ်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ကျေးလက်လမ်းများ ဖောက်လုပ်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၆

မြို့နှင့်ကျေးရွာ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ၁၈ ပေ အကျယ်၊ အရှည် ၃မိုင်၊ ၁ဒသမ၆ ဖာလုံရှိ ဟိုလိပ်-ပြင်ကြီးကျေးရွာအဝင် မြေသားလမ်းအား ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ ဖောက်လုပ်လျက်ရှိရာ အဖွဲ့အမှုဆောင်အရာရှိဦးဝင်းမင်းသန့်နှင့်လက်ထောက်အင်ဂျင်နီယာ ဒေါ်မိမိထွေးတို့က အနီးကပ်ကြီးကြပ်လျက် စက်ယန္တရားများဖြင့် ဖောက်လုပ်လျက်ရှိသည်။

အဆိုပါလမ်းပြီးစီးပါက အင်းယားရွာ၊ သင်္ဂတုံရွာ၊ ရေမောင်းကုန်းရွာ၊ သရက်ကုန်းရွာ၊ ကျိုင်းတောင်းရွာတို့ တစ်ရွာနှင့်တစ်ရွာ လွယ်ကူ ချောမောစွာ သွားလာနိုင်မည်ဖြစ်သည်။ **(မြို့နယ်/စည်ပင်)**

ဖျာပုံမြို့၌ ကတ္တရာလမ်း ဖွင့်ပွဲကျင်းပ

ဖျာပုံ ဖေဖော်ဝါရီ ၁၆

ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ရတနာလမ်း(ကတ္တရာလမ်း) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက အဆိုပါလမ်းမုခ်ဦးရှေ့တွင် ကျင်းပသည်။ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရတနာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အရှည်ပေ ၁၂၀၀၊ အကျယ်ပေ ၁၂ ပေရှိပြီး ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၂၃၅၁၉၂၀ဖြင့် ဆောင်ရွက်ခဲ့သည်။ **(၃၈၃)**

သနပ်ပင်မြို့ မော်တော်ယာဉ်အသင်း နှစ်ပတ်လည်စည်းဝေး

သနပ်ပင် ဖေဖော်ဝါရီ ၁၅

ပဲခူးတိုင်း၊ သနပ်ပင်မြို့ အခြေခံမြို့ပြကားလေး မော်တော်ယာဉ်အသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် ညနေ ၃ နာရီက သီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေး မှူးဦးစိန်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် အသင်းဥက္ကဋ္ဌဦးအောင်ဝင်း၊ အတွင်းရေးမှူးဦးတင်အုန်းတို့ ပါဝင်သော အမှုဆောင်ကိုးဦးအား ရွေးချယ်တင်မြှောက်ကြပြီး အခြေခံမြို့ပြကားလေးမော်တော်ယာဉ် အသင်းဥက္ကဋ္ဌဦးအောင်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။ **(အပေါ်ပုံ)** **(၁၄၅)**

ကြေးမုံ The Mirror

မြို့နယ် သတင်းများ

ဗန်းတဲ့ရွာ၌ အထကကျောင်းခွဲဖွင့်

တီးတိန် ဖေဖော်ဝါရီ ၁၅

ချင်းပြည်နယ် တီးတိန်မြို့နယ် ဗန်းတဲ့ရွာ၌ ဖေဖော်ဝါရီ ၆ ရက် မွန်းတည့်၁၂ နာရီတွင် အထကကျောင်းခွဲ ဖွင့်လှစ်ပွဲကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးထန်ထွမ်းမန်နှင့် ပင်မအထက(၂) ကျောင်းအုပ် ဒေါ်ငိုင်ရှင်းလွမ်းတို့က ဖဲကြိုးဖြတ်၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

သီဆိုဖျော်ဖြေ

ထို့နောက် ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို မြို့နယ်ဥက္ကဋ္ဌက စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။ကျောင်းသူလေးများက ပညာရေးမျှော်မှန်းချက်ကဗျာသီဆိုကြကာ တိုင်းရင်းသား၊ တိုင်းရင်းသူများက "တို့တစ်တွေ ညီညွတ်ကြစို့"သီချင်း၊ ရိုးရာအကဖြင့် သီဆိုဖျော်ဖြေကြသည်။ **(မြို့နယ်ပြန်/ဆက်)**

စတုတ္ထအကြိမ် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ဥက္ကဋ္ဌဖလား ဒေသပေါင်းစုံဘောလုံးပြိုင်ပွဲနှင့် ပဉ္စမအကြိမ်ကန်တော်ကြီးဒေသဥက္ကဋ္ဌဖလား ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ပံ့ပိုးပေးသော ပြိုင်ပွဲသုံး အားကစားပစ္စည်းများကို အား/ကာ လက်ထောက်ညွှန်ကြားရေးမှူးဦးလှမြင့်က ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးပီတာထွန်းနိုင်သို့ ပေးအပ်စဉ်။ (က-ပ)

ရှေးဟောင်းသမိုင်းဝင်ကျိုက္ကလဲ့စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ကျိုက္ကလဲ့ စေတီတော်မြတ်ကြီးအား ကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်နိုင်ရန် ထီးတော်မှ ငှက်ပျောဖူး ကြာလှန်ကြာမှောက်ထိ ရွှေတစ်ဆိုင်းလျှင် ကျပ် ၂၀၀၀ဖြင့် ရွှေဆိုင်းပေါင်း ၃၀၀၊ ဖောင်းရစ်တော်မှ ခေါင်းလောင်းတော် (သပိတ်မှောက်ထိ) ကြေးပြားများ ကိုးလက်မပတ်လည် ကြေးပြားတစ်ချပ် ကျပ် ၂၂၀၀၊ ကိုးလက်မပတ်လည် ကြေးပြားရွှေချပြီး ကျပ် ၅၂၀၀နှုန်းဖြင့် လှူဒါန်းနိုင်ပြီဖြစ်သည်။

အလှူရှင်များသည် ဆရာတော် ဦးဇာဂရ (သမ္မုတိဆရာတော်) ဖုန်း-၆၃၆၂၆၁၊ ဥက္ကဋ္ဌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မင်္ဂလာဒုံ ဖုန်း-၆၃၉၅၀၃၊ ဥက္ကဋ္ဌ ဂေါပကအဖွဲ့ ဖုန်း-၆၃၅၀၇၂နှင့် ဂေါပကအဖွဲ့ရုံး ဖုန်း-၆၃၆၀၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း ဆိပ်ကြီးခနောင်တိုမြို့နယ် ၂၀၀၂-၂၀၀၃ ပညာသင်နှစ် အခြေခံပညာမူလတန်း(စတုတ္ထတန်း) မြို့နယ်အဆင့် ကျောင်းပေါင်းစုံ အင်္ဂလိပ်ဘာသာရပ်ထူးချွန်မှု ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက်က အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ပထမဆုရရှိသူ မအိမ္မွန်စိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမေက ဆုချီးမြှင့်စဉ်။ (က-ပ)

အိုင်တီပညာ ဖွံ့ဖြိုးတိုးတက်ရေး စာမေးပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCSA)မှ IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် MCSA Professional Certification စာမေးပွဲများကို ကျင်းပမည်ဖြစ်သည်။ MCSA Professional Certification (Fundamental) စာမေးပွဲကို မတ် ၇ရက်တွင်လည်းကောင်း၊ MCSA Professional Certification (Software Engineering နှင့် Network Engineering) စာမေးပွဲကိုမတ် ၂၁ရက်တွင်လည်းကောင်း ရန်ကုန်နှင့် မန္တလေးတို့၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

စာမေးပွဲတွင် စစ်ဆေးမည့်ဘာသာရပ်မှာ Japan-Myanmar Cross Certification IT Engineer Exam သင်ရိုးညွှန်းတမ်းအတိုင်းဖြစ်ပြီး ဝင်ရောက်ဖြေဆိုလိုသူများသည် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၅ ရက်အထိ လျှောက်ထားနိုင်ကြောင်းနှင့် ယင်းစာမေးပွဲ အောင်မြင်ပြီးသူများသာလျှင် နိုင်ငံခြားပညာသင်ဆုကို လျှောက်ထားနိုင်မည်ဖြစ်၍ အသေးစိတ်သိလိုပါက လှိုင်မြို့နယ် MICT Parkရှိ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းရုံးခန်း ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

ဒလမြို့နယ် အမက(၁၄) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ၂၀၀၂-၂၀၀၃ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မောင်ဇော်မျိုးအောင်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ဆွေစမ်းက ဆုချီးမြှင့်စဉ်။ (၅၂၇)

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဌာနချုပ် ပညာရေးရာအဖွဲ့က ထုတ်ဝေသည့် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၃)ကို ထုတ်ဝေ ဖြန့်ချိထားသည်။

အဆိုပါ မဂ္ဂဇင်းတွင် မင်းယုဝေ၊ မြင်းမူမောင်နိုင်မိုး၊ ရေနံ့သာမောင်ကျော်ညွှန့်၊ မုံရွာဝင်းဖေ၊ ကို(တက္ကသိုလ်)၊ မင်းသွေးနွယ်(ဓါးကုန်း)၊မဟူရာစောလွင်(ပခုက္ကူ)၊ ခင်သစ္စာကျော် (မဟာဝိဇ္ဇာ)၊ တက္ကသိုလ်ရည်ရွယ်၊ ပုသိမ်မောင်ရွှေမူ၊ မောင်ထည်ဝါ(ပျော်ဘွယ်)၊ မြတ်လွှမ်းနောင်(ပုတီးကုန်း)တို့၏ ကဗျာများ၊ တက္ကသိုလ်မြတ်သူ၊ စောမုံညင်း၊ ကျော်ဇင်ညွှန့်(တရားရုံးချုပ်ရှေ့နေ)၊ ကြည်လင်း(ဆေး)၊ မောင်မောင်ဟန်(မကွေး)၊ နှင်းသစ္စာကျော်၊ ဦးသန်းထွန်း(ရွှေဘို)၊ သန်းထွန်း(စကု)၊ မမိုးမြေ၊ တက္ကသိုလ်လှကြွယ်တို့၏ ဆောင်းပါးများ၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ စန်းနီလာဝင်း၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ တွင်းကြီးသား တင်ဝင်းဦး၊ ခတ်ပုံမောင်မောင်၊ အောင်ဆင့်၊ ဆူးခါးဘုန်းမြင့်၊ စိမ်းမြရည်၊ မောင်မောင်အုန်း(လယ်ဝေး)၊သက်သက်သင်း(ပညာရေး)၊ ရွက်နု၊ မင်းဟိန်းထိပ်တို့၏ ဝတ္ထုများ၊ ငွေကြည်၊ မောင်ဝဏ္ဏ၊ သစ်ထွဏ်း၊ တင်အောင်နီ၊ မြဇာ၊ မောင်မောင်ညွက်၊ မြင့်စိုးလေးတို့၏ ကာတွန်းလက်ရာများ စုံလင်စွာဖြင့် ဖော်ပြပါရှိသည်။

(သတင်းစဉ်)

ဆေးတက္ကသိုလ်ပညာသင်ဆုဆက်လက်ချီးမြှင့်ခြင်း

ပါရမီဖောင်ဒေးရှင်းအဖွဲ့ (မကာအိုမြို့)သည် ဆေးတက္ကသိုလ်ပညာသင်ဆု အစီအစဉ်ကို ၂၀၀၂ခုနှစ်၊ စက်တင်ဘာလ ၁ရက်နေ့မှ စတင် ချီးမြှင့် ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါအစီအစဉ်အရပါရမီဖောင်ဒေးရှင်းအဖွဲ့၏ဘဏ္ဍာရေးမှူး ဦးလှသွင် (အထွေထွေမန်နေဂျာ၊ TKK Co.,Ltd. ရန်ကုန်မြို့)မှ ဦးဆောင်၍ ဦးဝင်းမောင် (မင်းယုဝေ) ဥက္ကဋ္ဌ မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့၊ ဒေါ်ခင်လဲ့ဝင်း (အတွင်းရေးမှူး) မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့၊ ဦးဆန်နီ (စာရင်းစစ်၊ ကုမ္ပဏီများ စာရင်းစစ်)၊ ဒေါ်နှင်းယုလွင် (နည်းပြ၊ အင်္ဂလိပ်စာဌာန၊ မြောင်းမြပညာရေးကောလိပ်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်း)တို့ပါဝင်သော လူတွေ့စစ်ဆေးရေး ဘုတ်အဖွဲ့မှ ပညာသင်ဆုလျှောက်ထားသူများနှင့် မိဘ(သို့)အုပ်ထိန်းသူများအား လက်ခံတွေ့ဆုံ စစ်ဆေးမေးမြန်းပြီးနောက် ၁၇/၀၈/၂၀၀၂ရက်စွဲပါစာဖြင့် ပါရမီဖောင်ဒေးရှင်းအဖွဲ့ (မကာအိုမြို့)သို့ အကြောင်းကြားပေးပို့ခဲ့ပါသည်။

အဆိုပါ အတည်ပြုရွေးချယ်ရေးဘုတ်အဖွဲ့ (မကာအိုမြို့) အစည်းအဝေး အမှတ်စဉ် ၂/၂၀၀၂၏ အမှုဆောင်အဖွဲ့ဆုံးဖြတ်ချက်အရပါရမီဖောင်ဒေးရှင်းအဖွဲ့၏ပထမဦးဆုံးဆေးတက္ကသိုလ်ပညာသင်ဆုရှင်အဖြစ် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ လိန်ကုန်းကျေးရွာနေ ဦးဌေးလွင်-ဒေါ်စိုးစိုးတို့၏ သမီး မယဉ်နွယ်လွင် (ဒု-နှစ်၊ ဆေးတက္ကသိုလ် အမှတ်-၁၊ ရန်ကုန်မြို့)အား ထိုက်တန်စွာ ဂုဏ်ပြုရွေးချယ်ခဲ့ပါသည်။

မယဉ်နွယ်လွင်အား တစ်လလျှင် ကျပ် ၃၀၀၀၀/-နှုန်းဖြင့် ၂၀၀၂ခုနှစ်၊ စက်တင်ဘာလမှစ၍ ဆေးပညာဘွဲ့ရသည်အထိ လစဉ်ပညာသင်ဆု ဂုဏ်ပြုငွေ ချီးမြှင့်ပေးလျက်ရှိပါသည်။

ဆက်လက်၍ ၂၀၀၃-၂၀၀၄ခုနှစ် စာသင်နှစ်မှစ၍ ပါရမီဖောင်ဒေးရှင်းအဖွဲ့၏ ဒုတိယမြောက် ဆေးတက္ကသိုလ် ပညာသင်ဆုရှင်အဖြစ် တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ သိရိကနက်ကျေးရွာနေ ဦးအုန်းရှိ-ဒေါ်စိန်ရီတို့၏သား မောင်စိုးမိုး (ပနှစ်၊ မကွေးဆေးတက္ကသိုလ်၊ မကွေးမြို့)အား အတည်ပြုရွေးချယ်ရေးဘုတ်အဖွဲ့ (မကာအိုမြို့) အစည်းအဝေး အမှတ်စဉ် ၁/၂၀၀၄၏ အမှုဆောင်အဖွဲ့ဆုံးဖြတ်ချက်အရ ထိုက်တန်စွာဂုဏ်ပြုရွေးချယ်ခဲ့ပါသည်။

မောင်စိုးမိုးအား ၂၀၀၃-၂၀၀၄ခုနှစ် စာသင်နှစ်အတွက် ၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့မှစ၍ တစ်လလျှင် ကျပ် ၃၀၀၀၀/-နှုန်းဖြင့် ဆေးပညာဘွဲ့ ရသည်အထိ လစဉ်ပညာသင်ဆု ဂုဏ်ပြုငွေချီးမြှင့်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။







ခေါ်စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ(ဦးကျော်ဝန်)+ဒေါ်လှရီ၊ သထုံမြို့နေ (ဦးအင်ရွှန်း+ဒေါ်ကင်ကီး)တို့၏ မြေး ရန်ကုန်မြို့၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ အမှတ်(၅၇၄)နေ ဦးခင်မောင်ပြ (Managing Director, SHAO Co., Ltd)-ဒေါ်လှလှအေးတို့၏ ဒုတိယသား

ဒေါက်တာမျိုးမင်းဟိန်း M.B.,B.S(Ygn) နှင့်

မော်လမြိုင်မြို့နေ(ဦးအောင်သိန်း)+ဒေါ်ကြူ၊ မုတ္တမမြို့နေ ဦးစိန်မောင်+ဒေါ်ထိန်ကြည်တို့၏ မြေး ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း(ဝင်ဒါမီယာ)၊ အမှတ်(၆၂)နေ ဦးချန်ဟိန်း(ရတနာမြိုင်တော-သံသွင်းနှင့်စီဒီယိုထုတ်လုပ်ဖြန့်ချိရေး)-ဒေါ်မြင့်မြင့်တို့၏ သမီးကြီး

မအိဇင်ဇင်ဟိန်း 2nd Year B.Econ(Statistic)

တို့၏ ၂၂-၂-၂၀၀၄ (တနင်္ဂနွေနေ့)တွင် Sedona Hotel၌ ကျင်းပသော ခေါ်စပ်မင်္ဂလာပွဲသို့ တက်ရောက်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာမျိုးမင်းဟိန်း-မအိဇင်ဇင်ဟိန်း။

Yan Aung

ကားငှားရမ်းရန်ရှိပါသည်။ (၂၄-နာရီဝန်ဆောင်မှု)

[illegible]

ROYAL ARROW
CAR RENTAL

ယာဉ်စီးအတွက် ဖုန်းဆက်ရုံ ...

211485, 212193

ရွှမ်းမော်ပြေ
CAR RENTAL

ရန်ကုန်မြို့တွင်း/မြို့ပြင်

☎ 297728, 370969

ထပ်မံဆောက်လုပ်ထားပြီးဖြစ်သော ... အောက်ပါအတိုင်း ...

ထုတ်ဝေရောင်းချမည်ဖြစ်ပါသည်-

စဉ်	[illegible]	နေ့ရက်	[illegible]	စဉ်	[illegible]	နေ့ရက်	[illegible]
(က)	[illegible]	[illegible]	[illegible]	(က)	[illegible]	[illegible]	[illegible]
(ခ)	[illegible]	[illegible]	[illegible]	(ခ)	[illegible]	[illegible]	[illegible]
(ဂ)	[illegible]	[illegible]	[illegible]	(ဂ)	[illegible]	[illegible]	[illegible]
(ဃ)	[illegible]	[illegible]	[illegible]	(ဃ)	[illegible]	[illegible]	[illegible]
(င)	[illegible]	[illegible]	[illegible]	(င)	[illegible]	[illegible]	[illegible]
(စ)	[illegible]	[illegible]	[illegible]	(စ)	[illegible]	[illegible]	[illegible]
(ဆ)	[illegible]	[illegible]	[illegible]	(ဆ)	[illegible]	[illegible]	[illegible]
(ဇ)	[illegible]	[illegible]	[illegible]	(ဇ)	[illegible]	[illegible]	[illegible]
(ဈ)	[illegible]	[illegible]	[illegible]	(ဈ)	[illegible]	[illegible]	[illegible]
(ည)	[illegible]	[illegible]	[illegible]	(ည)	[illegible]	[illegible]	[illegible]
(ဋ)	[illegible]	[illegible]	[illegible]	(ဋ)	[illegible]	[illegible]	[illegible]
(ဌ)	[illegible]	[illegible]	[illegible]	(ဌ)	[illegible]	[illegible]	[illegible]
				(ဍ)	[illegible]	[illegible]	[illegible]
				(ဎ)	[illegible]	[illegible]	[illegible]
				(ဏ)	[illegible]	[illegible]	[illegible]
				(တ)	[illegible]	[illegible]	[illegible]
				(ထ)	[illegible]	[illegible]	[illegible]
				(ဒ)	[illegible]	[illegible]	[illegible]
				(ဓ)	[illegible]	[illegible]	[illegible]

[illegible]

မွေးနေ့ဆုမွန်ကောင်း

၂၃-၂-၂၀၀၄ တွင် ... (၈)နှစ် ပြည့်မြောက် မွေးနေ့ ... ဖြစ်ပါစေ...

... Crumb Rubber ...

(၃၅)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီး အောင်သန်းဌေး (ငြိမ်း) ညွှန်ကြားရေးမှူး အကောက်ခွန်ဦးစီးဌာနနှင့် ချစ်မေမေ ဒေါ်အေးမိတို့၏ ၂၃-၂-၂၀၀၄ တွင် ကျရောက်သော မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်း ၁၂၀ကျော်တိုင် သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ။

ချစ်သားသမီးများ။

ထက်ထက်ဆိုဘာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့ ... (ဦးစိန်ဝင်း) + ဒေါ် ... တို့၏ သားအငယ်

မောင်အောင်မိုး B.E (Mechanical)

နှင့်

... (ဦး ...) + ဒေါ် ... တို့၏ သမီး

မဥမ္မာထွန်း B.A (Eco), Dip. in Secretary (Adv), (Assistant Accountant) - U.P.O Co., Ltd

တို့၏ (၁၈-၂-၂၀၀၄)... (၂၂-၂-၂၀၀၄) ... Sedona Hotel ... ကျေးဇူးတင်ရှိပါကြောင်း။

မောင်အောင်မိုး - မဥမ္မာထွန်း

လက်ထပ်ထိမ်းမြားမင်္ဂလာဆောင်ပွဲ ...

မောင်အောင်သီဟ

B.Sc. (Forestry), M.Sc. (Natural Resources Management), Project Manager, Dryzone Afforestation Project, Suntac Technologies

နှင့်

မနုနုအောင် B.Com.

Assistant Accountant, Bridge Asia Japan (BAJ)

... Kyaw Hotel ... Bagan Hotel ...

နှစ်ဖက်သောမိဘများနှင့် မောင်အောင်သီဟ-မနုနုအောင်

"မင်း" လော်ဝင်ဘုရားဖူးခရီးစဉ်များ

... (5, 25 March - 1 April)

... (5, 25 March - 1 April)

... (27 Feb , 5, 19 March)

SUPER
CAR RENTAL

249301, 0980 21801

MCC Junior Management & Office Staff Training

လုပ်ငန်းခွင်အတွက်

- ရုံးလုပ်ငန်းသုံး ကွန်ပျူတာ
- စီမံခန့်ခွဲရေးလုပ်ငန်းသုံး ...
- စာရင်းကိုင်ပညာ (LCCI) ...

သင်တန်းများ ဖွင့်လှစ်ပေးပါသည်။

... ဖုန်း ...

Day Car Rental

Ph:54236, 09-9927680

ကားငှားမည်

☎ 294400

ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ယူဇနဆီအုန်းခြံစိုက်ပျိုးရေးနှင့်စားအုန်းဆီထုတ်လုပ်နိုင်ရေးအတွက် ကြိုးစားမှုများကို ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးထွန်းလွင်	SINPOONCHAI CO.,LTD.
မောင်နိုင်ထွန်း	TUNN STAR CO.,LTD. YANGON
ဒေါ်စောကြူ	LYNN ENTERPRISE CO.,LTD. YANGON

YL ရိုလ်ရွှေဆိုင်ကြီး (လက်လီလက်ကား)

ရွှေပြည့်ရွှေစင် ... ရွှေထည်ဖြစ်စေရမည်။ ...

၁၅ ပဲရည်၊ ၁၆ ပဲရည် အာမခံ

ဆိုင်(၁)-အမှတ် (S-7) ... ယုဇနပလာဇာ ... ရန်ကုန်မြို့

☎- ၂၀၀၉၃၇ (Ext.) ၂၀၀။ ၀၉-၈၀-...

ဆိုင်(၂)-အမှတ်(F-1) ... ယုဇနပလာဇာ ... ရန်ကုန်

☎-၂၀၀၉၃၇(Ext.) ၂၀၀၁ ...

ရွှေ လက်စွပ်	...	...
ရွှေ နားကွင်း	...	...
ရွှေ ဆွဲသီး	...	...
ရွှေ လက်ကောက်	...	...
ရွှေ ဆွဲကြိုး	...	...
ရွှေ ဟန်းချိန်း	...	...
ရွှေ ဘယက်	...	
ရွှေ ကလစ်	...	
ရွှေ Foot Chain	...	
ရွှေ ရွှေဒင်္ဂါး		
ရွှေ အုပ်		

... Foot Chain ...

ရိုလ်ရွှေဆိုင်ကြီး ဦးလှဇော + ဒေါ်ဝင်းမြင့်ထွေး

ဆေးသိုက်စီးတိုင်းလက်ကမ်းစာစောင် ...

Burma(Myanmar) History before 1287: A Defence of the Chronicles by Dr Htin Aung

ပုဂံမဟုတ်မဟုတ် မြန်မာ့သမိုင်း ...

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

စားသောက်ကုန်ပစ္စည်းများ အရောင်းမြှင့်တင်ရေးအတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ အရောင်းမြှင့်တင်ရေးဝန်ထမ်း	(ကျား) (၂၀)ဦး
၂။ အရောင်းမြှင့်တင်ရေးဝန်ထမ်း	(မ) (၃၀)ဦး

အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။ ညအိပ်ညနေ နယ်ခရီးထွက်နိုင်ရမည်။

လျှောက်ထားလိုသူသည် တစ်ပတ်အတွင်းရိုက်ထားသော ဓာတ်ပုံ(၁)ပုံ၊ ကိုယ်ရေးရာဇဝင်၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံစာမိတ္တူတို့နှင့်အတူ ၂၈-၂-၂၀၀၄နေ့ နေ့ခင်းရုံးချိန်အထိ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။ (မှ ရင်းပါ တစ်ပါတည်း ယူဆောင်လာရန်)

Youth Force Marketing Co.,Ltd.
No-134, Sule Pagoda Road
Kyauktada Township, Yangon.

အထူးကိုယ်စားလှယ်လွှဲစာချုပ်သိမ်းခြင်း

ကျွန်မ ဒေါ်မြင့်မြင့်ကြည် [၁၂/ကမတ(နိုင်)၀၁၀၂၂၅]အား ပေးထားသည့် အထူးကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် ၂၄၂၃/၂၀၀၂မှာ လုပ်ဆောင်နိုင်ခြင်း မရှိတော့ပါသဖြင့် ရုပ်သိမ်းလိုက်ပါသည်။

ဒေါ်နီလာသူ [၁၂/မရက(နိုင်)၀၇၁၀၀၉]
အမှတ်(၂၇)၊ ဦးကျော်လှလမ်း၊ မရမ်းကုန်းမြို့နယ်။

ကျွန်းလှသစ္စာ ကုမ္ပဏီလီမိတက်

ပြည်တွင်းခရီးသွား လက်မှတ်များ

Mar-5 Mar-5 Mar-5 Mar-5 Feb-26 Mar-18

510491

ရွှေထူးလှိုင် ဘုရားဖူးပို့ဆောင်ရေး

Ph: 378547

Ph: 704423, 347283

Ph: 254406, 377164

SILTA

Skills-Integrated Learning & Teaching Academy

Pre-school (Age 3 ~ 5)

Summer Course (Age 5 ~ 15)

Enroll Now!

No. 220 - 222, Botahtaung Pagoda Rd. Pazundaung T/S. Yangon.

Tel: (01) 294397 E-mail: silta@mptmail.net.mm

ဆက်သွယ်ရေးတပ်ဖွဲ့စစ်သည်များ အလိုရှိသည်

၁။ အောက်ပါပညာရပ်များတတ်ကျွမ်းလိုလျှင်ဆက်သွယ်ရေးတပ်ဖွဲ့သို့ဝင်ပါ–

သင်ကြားပေးမည့်ပညာရပ်များ	လိုအပ်သည့်ပညာအရည်အချင်း
(က) အီလက်ထရွန်နစ်ပညာ (ခ) ကွန်ပျူတာအော်ပရေတာပညာ (ဂ) ရုံးစာရေးပညာ	အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများ
(ဃ) ဒေတာအော်ပရေတာပညာ (င) ရေဒီယိုအော်ပရေတာပညာ (စ) ရေဒီယိုပြင်ပညာ (ဆ) လိုင်းပြင်ပညာ (ဇ) ဖစ်တာ(ဆက်သွယ်ရေး)ပညာ (ဈ) လိုင်းမင်း(ဆက်သွယ်ရေး)ပညာ (ည) မော်တော်ဆိုင်ကယ်စီးပညာ (ဋ) မော်တော်ယာဉ်မောင်းပညာ (ဌ) ယာဉ်မောင်းစက်ပြင်ပညာ	အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူများ

၂။ ရွေးချယ်ခြင်းခံရပါက–

(က) အပိုဒ်(၁)၊ (က)၊ (ခ)၊ (ဂ) ပညာသည်များသည် သက်ဆိုင်ရာသင်တန်း အောင်မြင်ပြီးပါက တပ်ကြပ်ကြီးအဆင့် တိုက်ရိုက်ခန့်အပ်မည်။ တပ်ကြပ်ကြီး လုပ်သက်(၃)နှစ်ပြည့်ပြီး အရည်အချင်းစစ် စာမေးပွဲအောင်မြင်ပါက ဒုအရာခံဗိုလ်ခန့်အပ်ခြင်း ခံရမည်ဖြစ်ပြီး၊ ဒုအရာခံဗိုလ် (၃)နှစ်ပြည့်ပြီး အရည်အချင်းစစ် စာမေးပွဲအောင်မြင်ပါက အရာခံဗိုလ်အဆင့် တိုးမြှင့်ခန့်အပ်ခြင်းခံရမည်။

(ခ) ပညာသည်များအနက်မှ အခြေခံပညာအထက်တန်းအောင်မြင်သူများသည် သက်ဆိုင်ရာ သင်တန်းအောင်မြင်ပြီးပါက ဒုတိယတပ်ကြပ်အဆင့်မှ စတင် ခန့်ထားပြီး အရည်အချင်းစစ်စာမေးပွဲများ အောင်မြင်ပါက အရာခံဗိုလ်အဆင့်ထိ ခန့်အပ်ခြင်းခံရမည်။

(ဂ) သတ်မှတ်ချက်နှင့်ညီညွတ်ပါက ဗိုလ်လောင်းသင်တန်း ခေါ်ယူသည့်အခါ ဗိုလ်လောင်းသင်တန်းကို လျှောက်ထားခွင့်ပြုမည်။

၃။ ပညာရပ်ဆိုင်ရာသင်တန်းများတက်ရောက်အောင်မြင်ပြီးပါက မိမိနေထိုင်လိုသော မြို့/ ရွာနှင့်နီးသည့် ဆက်သွယ်ရေးတပ်ရင်း/တပ်/တပ်ခွဲများတွင် တာဝန်ချထားပေးမည်။

၄။ တပ်မတော်(ကြည်း)ဆက်သွယ်ရေးတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းလိုသူများသည် နီးစပ်ရာ ဆက်သွယ်ရေးတပ်များတွင် စာရင်းပေးသွင်းနိုင်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန။



ရုပ်ရှင် ...

UP2 INDUSTRY အရောင်းပြခန်း

သေသပ်မှု၊ ခိုင်ခံ့လှပမှုများနှင့်ပြည့်စုံသော ရုံးသုံးပစ္စည်းများ၊ စားပွဲ၊ ကုလားထိုင်၊ Lockerအမျိုးမျိုး၊ Computer စားပွဲအမျိုးမျိုး၊ အိမ်သုံးပရိဘောဂများ၊ ဆေးရုံသုံးပစ္စည်းအမျိုးမျိုးတို့အား အထူးဈေးနှုန်းချိုသာစွာဖြင့် လက်လီ၊ လက်ကား ရောင်းချပေးနေပါသည်။

အရောင်းပြခန်း– အမှတ်(၁၆၀)၊ အနောက်ရွှေဂုံတိုင်လမ်း၊ အမှတ်(၅)၊ အိမ်ရှင်မဈေးနှင့်ကပ်လျက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၇၂၇၄၉၆။

စက်ရုံ – အမှတ်–၁၆၈(စီ)၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၅၂၄၄၁၂။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(အင်းစိန်) ဒညင်းကုန်း
ဖုန်း –၆၄၀၇၃၉–၆၄၀၄၄၂

တီအီးယာဉ်မောင်းနှင့်မှုသင်တန်းအမှတ်စဉ်(၈၂) ၄–၃–၂၀၀၄ရက်နေ့တွင် ဖွင့်မည်။

သင်တန်းသားဦးရေကန့်သတ်ထားသဖြင့် စိတ်ပါဝင်စားသူများ အထက်ပါ ကြော်ငြာထည့်သွင်းသည့်နေ့မှစ၍ သင်တန်းကြေးများ ပေးသွင်းနိုင်ပါသည်။

ဌာနဆိုင်ရာအဖွဲ့အစည်းများအတွက် သတ်မှတ်သင်တန်းသားဦးရေ ပြည့်မီပါက သီးခြားသင်တန်းစီစဉ်ပေးမည်။ နယ်သင်တန်းသားများအတွက် ဘော်ဒါရှိသည်။

သင်မောင်းလိုင်စင်နှင့် "ခ"လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။ သင်တန်းဆင်းလက်မှတ်အား အင်္ဂလိပ်ဘာသာဖြင့် ချီးမြှင့်ထုတ်ပေးသည်။

ရောင်းမည်

မရမ်းကုန်း၊ ကျောက်ရေတွင်း၊ ပေ 145"x 65"' အိမ်အကျယ် 45"x 45" စက်ရေတွင်း၊ မီတာ၊ ဖုန်းအပါအဝင် အမည်ပေါက်ပိုင်ရှင်ကိုယ်တိုင်နေသည်။ (ညှိနှိုင်းဈေး) **ဖုန်း–၀၁–၆၅၁၄၁၄။**

ကွန်ပျူတာပျက်လျှင် ဖုန်းဆက်လိုက်ပါ။ Lap top, PC များလည်း ရရှိနိုင်ပါသည်။

GRACE TRAINING AND SERVICE CENTRE

707956

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄က/၁၄၈၈ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အရှေ့ပိုင်းခရိုင်ရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(အရှေ့ပိုင်း)ရန်ကုန်တိုင်း။

(26-2-2004) မှ (3-3-2004)ထိ

Cordial, Squash, Power Plus ... Chilly Sauce ... Tomato Sauce

01-690264, 662129

စားပွဲနှင့်ကုလားထိုင်များ
ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂။

ELITE Engineering Group

Programmable Logic Controls (P.L.C)



....Computer for Kids....

MCC

သိမ်ကြီးဈေး(စီ)တုံး တတိယထပ်

☎ ၂၄၃၃၃၈ ၃၈၁၈၉၇

☑ ယခင်နှစ်များမှ ကျောင်းသူ/သားများအတွက် အထူး discount ရှိသည်။

☑ မူလတန်းနှင့် အလယ်တန်းကျောင်းသူ/သားများတက်နိုင်သည်။

☑ သင်ရိုးသစ်များနှင့်အတူ မိဘများ အတွက် သီးသန့်သင်တန်းရှိသည်။

MLA INTERNATIONAL

ENROLL NOW

Summer Course on English Language Proficiency Programme

[Mandarin & Basic Computer Courses are also included] MARCH, APRIL, MAY - 2004

(COMMENCING 1st MARCH 2004)

MORNING SESSION - Grade III to Grade V (8:00 AM TO 12:00 Noon)

AFTERNOON SESSION - KG to Grade II (12:30 PM TO 4:30 PM)

No. 64, Golden Valley Road, Bahan Township, Yangon, Myanmar.

Ph: 01-527006, 01-705066

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုနာ၊ အကျိတ်ဖြစ်သူများ

(ဤကြော်ငြာကို ဖတ်ဖြစ်အောင်ဖတ်ပါ) ဖုန်း – ၂၄၈၀၆၄

သမားတော်ကြီး ဝိဇ္ဇာ၊ လိပ်ခေါင်း၊ ဂရင်ဂျီနာ အထူးကု

*စအိုနှင့်စအိုဝန်းကျင်တွင်ဖြစ်သော အောက်ပါရောဂါများ အမြန်စမ်းသပ်ခံယူပါ၊ ရောဂါရင့်က (စအိုပိတ်၍ စအိုကင်ဆာဖြစ်မည်၊ စအိုပိတ်က အသက်အန္တရာယ်ရှိသည်) လိပ်ခေါင်းအတွင်း၊ အပြင်ထွက်၊ စအိုနာ၊ ဝမ်းသွားခက်၊ စအိုဝတစ်ဆို့၊ ပူစပ်၊ စအိုကျွံပြီး အပြင်စူထွက်၊ ဝမ်းသွားမရ၊ စအိုဝအသားပိုထွက်၊ စအိုဝအဖုအသီး၊ ဂရင်ဂျီနာ၊ သွေးပြည်ထွက်၊ စအိုကျဉ်း၊ စအိုပိတ်၊ (မခွဲမဖြတ်၊ မနာ၊ မပူမစပ်) ကုသပေးမည်။ အဖုအကျိတ်တွေ့က အမြန်စမ်းသပ်ခံယူပါ၊ ရောဂါရင့်က အသက်အန္တရာယ်ရှိသည်။ ဝါရင့်ဆရာမရှိသည်။ အကျိတ်မျိုးစုံ (မခွဲမဖြတ်ကုသပေးမည်) အရေပြားရောဂါ၊ ခရုသင်း၊ သမင်ဖြူ ယောကျ်ားကာလသားရောဂါ ကုသပေးမည်။

ပင်မဝိဇ္ဇာ–အမှတ်–၂၇၃၊ ရွှေဘုံသာအထက်လမ်း၊ နေဇာဆေးခန်းအပေါ်ထပ်၊ ရန်ကုန်။ (တစ်နေကုန်ဖွင့်သည်)

ပင်မဝိဇ္ဇာ–အမှတ်–၃၃၈၊ ရွှေဘုံသာအထက်လမ်း၊ အေးရိပ်သာနှင့်ကပ်လျက်၊ မာလင်မျက်မှန်ဆိုင်၊ ရန်ကုန်။

ဒေါ်အုံး(၇၈)နှစ်
(အလုံ၊ မုံရွာ)

စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ အလုံမြို့၊ ရွှေတံခါးရပ်နေ (ဦးဘဝင်း-ဒေါ်ကြိုင်)တို့၏ သမီး၊ (ဦးကောင်းဇံ-ဒေါ်ဖြူ)တို့၏သမီးချွေးမ၊ ဦးဘရှင်၏ဇနီး၊ ဒေါ်မြစန်း(မြန်မာ့လယ်ယာထွက်ကုန်၊မုံရွာ)-(ဦးကျော်လှိုင်)၊ဦးစိန်လွင် (အကောက်ခွန်မှူး နစခ၊ တာချီလိတ်)၊ ဦးစိန်ချွန်(အထပြ၊ အထက-နမခ)၊ ဒေါက်တာအောင်ကျော်သန်း (အရိုးအထူးကု၊ မန္တလေးဆေးရုံကြီး)-မမေခိုင်ဝင်း၊ ဦးငွေစိုးလွင်(ဦးစီးအရာရှိ၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန)တို့၏ ချစ်လှစွာသော မိခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၂၁-၂-၂၀၀၄ (စနေနေ့)တွင် ကွယ်လွန်ပါ၍၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့) ညနေ၃နာရီတွင် အလုံမြို့သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်စန်းလွင်(၇၂)နှစ်
(ဘက်ရဲ-ကြံခင်းမြို့နယ်)

ဧရာဝတီတိုင်း၊ ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့နေ ကျောင်းအုပ်ဆရာကြီး (ဦးဘအေး-ဒေါ်အေးကြည်)တို့၏သမီး၊ ဦးသောင်းရွှေ၏ ဇနီး၊ ဘက်ရဲမြို့နေ ဦးခင်မောင်သောင်း-ဒေါ်ခင်စန်း၊ဦးတိုးလွင်၊ ရန်ကုန်မြို့နေ ဗိုလ်မှူးစိုးနိုင်-ဒေါ်စောမိုမို၊မသက်သက်လွင်(အ-လ-ပြ၊ ငြိမ်း)တို့၏မွေးသမိခင်၊ ဦးတင့်ဆွေ-ဒေါ်အုန်းမေ (ဘက်ရဲ၊ အုတ်ပုံ)တို့၏ညီမ၊ ဦးသန်းဆွေ-ဒေါ်တင်နွဲ့(တရုတ်မှော်)၊ ဦးဖေဆန်း-ဒေါ်ကြည်စိန်(မြန်အောင်)၊ ဦးဖေဝင်း-ဒေါ်သောင်းရီ(ဘက်ရဲ)တို့၏အစ်မ၊ မဝင်းလတ်လတ်ဦး(B.Ed)၊ မခိုင်ရည်သော်(အထက-ဘက်ရဲ)၊ မောင်ကြည်လွင်ကို (အထက-ဘက်ရဲ)၊ မောင်ဝေယံထက်နိုင်(အလက-၁၊ဒဂုံ)၊ မောင်မြင့်သူ ကောင်းနိုင် (အလက-၁၊ ဒဂုံ)၊ မသင်းဝတ်ရည်သော်တို့၏အဘွား ဒေါ်စန်းလွင်သည် ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဧရာဝတီတိုင်း၊ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့နေအိမ်၌ ကွယ်လွန်ပါ၍ ၂၃-၂-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ဘက်ရဲမြို့နေအိမ်မှ ဘုရားရှစ်ဆူသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး
ဒေါ်နွဲ့နွဲ့ရီ(ခ)ဒေါ်ဖုန် (၆၄)နှစ်
(မြစ်ကြီးနား)

၁၆-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားသော ဒေါ်နွဲ့နွဲ့ရီ(ခ)ဒေါ်ဖုန်၏ နာမကျန်းဖြစ်စဉ်နှင့် ဈာပနကိစ္စတွင်အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြပြီး နှစ်သိမ့်အားပေးစကားချီးမြှင့်ပေးခဲ့ကြသော ပညာရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ အကြီးအကဲပုဂ္ဂိုလ်များနှင့် ဝန်ထမ်းမိသားစုများ၊ မန္တလေးပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ဦးနှောက်နှင့်အာရုံကြောသမားတော်ကြီးများ၊ရင်ခေါင်းဘက်ဆိုင်ရာသမားတော်ကြီးများ၊ အထူးကြပ်မတ်ကုသဆောင် တာဝန်ခံဆရာဝန်ကြီးနှင့် ဆရာဝန်၊ သူနာပြုဆရာ၊ဆရာမများ၊ ရမည်းသင်းပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ဆရာမများ၊ ရမည်းသင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ MFF ကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ/ဆရာမများ၊ ကျောင်းသူကျောင်းသားများ၊ ဈာပနသို့ လိုက်ပါပို့ဆောင်ကြသူများ၊ ရပ်ဝေးရပ်နီးမှ သတင်းမေးမြန်း အားပေးကြသူဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၁၆-၂-၂၀၀၄(တနင်္လာနေ့)တွင်ကွယ်လွန်သွားခဲ့သောမိခင်ကြီး ဒေါ်ခင်မော် (ဒုတိယဗိုလ်မှူးကြီး-ငြိမ်း) မကျန်းမာစဉ်က ပြုစုကုသပေးခဲ့သော တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)တပ်မှူးနှင့်ပါရဂူကြီးများ၊ ဆရာမမှူးနှင့် ဆရာဝန်၊ သူနာပြု၊ အရာရှိ/အရာခံများအားလည်းကောင်း၊ ကွယ်လွန်သူ၏ဆန္ဒအရ တပ်မတော်ဆေးတက္ကသိုလ်သို့ ခန္ဓာကိုယ်လှူဒါန်းရေးကိစ္စအဝဝတွင် ကူညီပံ့ပိုးပေးခဲ့သူများအားလည်းကောင်း၊နာရေးကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသော Fortune Int'l Ltd., မှ Managing Directorနှင့် ဇနီးအားလည်းကောင်း၊ လုပ်ဖော်ကိုင်ဖက်များ၊ လူကိုယ်တိုင်နှင့် တယ်လီဖုန်းဖြင့် လာရောက်သတင်းမေးမြန်းကြသည့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဌာနဆိုင်ရာနှင့် လူမှုရေး အသင်းအဖွဲ့များအား လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးတင်မောင် (၇၂)နှစ်
(ညောင်တုန်း)

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ အမှတ်(၂၆၄-၂၆၈)၊ အောက်ကြည့်မြင်တိုင်လမ်း (သ/မဦးစီးဝင်း)နေ ဒေါ်သန်းကြည်၏ သားသမက်၊ ဒေါ်ခင်ငြိမ်း၏ ခင်ပွန်း၊ ကိုနေမျိုး-မလှလှသန်း၊ ကိုသိန်းစိုး-မမြင့်မြင့်အေး၊ ကိုလှဌေး-မတင်တင်နွဲ့၊ မမြင့်မြင့်ချို၊ ကိုဟန်ဝင်းနိုင်-မအေးအေးမာ၊ ကိုဝင်းလှိုင်မျိုး-မမိုးမိုးမော်၊ ကိုရဲထွေးအောင်-မအေးအေးခိုင်တို့၏ မွေးဖခင်၊မြေး၁၃ယောက်၊မြစ်ငါးယောက်တို့၏ အဘိုးသည် ၂၂-၂-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၂၄-၂-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်)။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
နော်ဗြူတီ(၅၅)နှစ်
Naw Beauty
B.Sc.(Chemistry)
လုပ်သားများကောလိပ်(၁၉၇၂-၇၃)
ရေနံထွက်ပစ္စည်းဖြန့်ဖြူးရောင်းချရေး
ကော်ပိုရေးရှင်း

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ သူဌေးကုန်းလမ်း၊ အမှတ်(၁၀)နေ (စောမောင်ဘု-နော်သစ်)တို့၏ ဒုတိယသမီး၊ စောဂျက်၏ညီမ၊နော်ဂရင်း၊နော်ရှီ(စ)တို့၏ အစ်မ နော်ဗြူတီသည် ၂၂-၂-၂၀၀၄ရက် နံနက် ၈နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၃-၂-၂၀၀၄(တနင်္လာနေ့) နံနက် ၉နာရီတွင် ရန်ကုန်ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်(သူဌေးကုန်း) ဘုရားရှိခိုးကျောင်း (၅၁၂၊ အောက်ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်အနောက်ပိုင်းဆေးရုံရှေ့)၌ ဘုရားဝတ်ပြုပြီး ရေဝေးကရင်နှစ်ခြင်းခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ ရဟန်းဒါယကာ
ဦးသန်းမြင့်(၇၁)နှစ်
(ရခိုင်ချောင်)

ရန်ကုန်မြို့၊ အမှတ်(၁၀၁)၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးဘ-ဒေါ်လှ)တို့၏သား၊ (ဦးကြိုင်)-ဒေါ်ထွားကြည်၊ (ဦးငွေသိန်း)-ဒေါ်စန်းကြည်၊ (ဦးအေး)-ဒေါ်ခင်မြင့်တို့၏ ညီ/မောင်၊ ဒေါ်စိန်ရီ၏ခင်ပွန်း၊ ဦးတင့်လွင်ဦး-ဒေါ်နုနုမော်၊ မနှင်းမာလာ၊ မောင်ရဲလွင်ဦးတို့၏ ဖခင်၊ မောင်ရန်နိုင်ထွန်း၊ မောင်ဟိန်းဇာထွန်း(အလက-၁၊ ဒဂုံ) တို့၏ အဘိုးသည် ၂၂-၂-၂၀၀၄ (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကွယ်လွန်ပါ၍ ၂၄-၂-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ ၁၂:၃၀ နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်မြိုင် (၆၇)နှစ်
(ရေဦး)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၂)ရပ်ကွက်၊ အမှတ်(၁၈)၊ ဦးပုညလမ်းနေ ဦးငွေညွှန့်၏ ဇနီး၊ ရန်ကုန်မြို့၊ တိုက်(၇)၊အခန်း(၁၅)၊ ရွှေဂုံရိပ်မွန်အိမ်ရာနေ ဦးဝင်းတင့်-ဒေါ်ချိုချို(ဝင်းတင့်နှင့်ညီများတံဆိပ်ရိုက်လုပ်ငန်း)၊ဦးဝင်းဆင့်-မစန်းစန်းအေး(မြင့်မြတ်သူ တံဆိပ်ရိုက်လုပ်ငန်း)တို့၏ မိခင်၊ မဝင်းဝင်းမော်၊ မောင်ဝင်းထွန်း၊ မောင်အောင်ထိုက်၊ မောင်အောင်ဝင်းထွန်းတို့၏ အဘွားသည် ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် ကွယ်လွန်ပါ၍ ၂၄-၂-၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဒေါ်နန်း(ခ) ဒေါ်စန်းစန်းသိန်း
အသက်(၅၀)

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ၂(ခ)ရပ်ကွက်သစ်၊ ဆရာစံလမ်း၊ အမှတ် (၃၁၇-၃၁၈)နေ (ဦးစောဘကြည်-ဒေါ်သိန်းတင်)တို့၏ ချစ်လှစွာသောသမီး၊ အရာခံဗိုလ်ဝန်ထောက်တင်မောင်ဆွေ၏ ချစ်လှစွာသောဇနီး၊မန္တူးကောန်-မောင်သိန်းလှိုင်ဦး B.A (Hist;)(Dynasty သောက်ရေသန့်လုပ်ငန်း)၊ မောင်ကောန်ခါးဆိုင်းကောန် BE(Civil),ME(1st Seme (Dynasty သောက်ရေသန့် လုပ်ငန်း)၊ မောင်ကောန်ခါးကျော် မွန်းကောန် BA (LAW)၊မခင်သန္တာဆွေ (3rd yr Eng)၊ မောင်ကျော်ဇေယျာမောင်(X-B၊ အထက-၂၊မင်္ဂလာဒုံ)တို့၏ ချစ်လှစွာသောမိခင်၊ မအိအိဖြိုး၏ချစ်လှစွာသောအဘွားသည် ၂၂-၂-၂၀၀၄ရက် နံနက် ၁:၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၄-၂-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။)၂၈-၂-၂၀၀၄ရက် နံနက် ၁၁နာရီမှ ညနေ၅နာရီထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးထွန်းကြည်
အသက်(၆၇)နှစ်
မန်နေဂျာ-မြန်မာ့စီးပွားရေးဘဏ်
ပဲခူး-ငြိမ်း
(ပဲခူး)

ပဲခူးမြို့၊ ပန်းခြံကုန်းရပ်၊ သာသနမဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်နေ တိုက်အုပ်ဆရာတော် ဦးသီရိန္ဒ၏ ရဟန်းဒါယကာ၊ ပဲခူးမြို့နယ်၊ ရှမ်းရွာကြီးကျေးရွာနေ (ဦးဘစံ-ဒေါ်တင်မေ)တို့၏သား၊ ပဲခူးမြို့နေ ဦးမောင်မောင်-ဒေါ်ခင်စိန်တို့၏သားသမက်၊ ရှမ်းရွာကြီး ကျေးရွာနေဦးမဲ-(ဒေါ်သိန်းရွှေ)၊ ဒေါ်အေးမိတို့၏ အစ်ကို၊ ပဲခူးမြို့နေ ကိုထွန်းဇော် (ကုန်သွယ်/လယ်ယာ) - မမိုးမိုးငြိမ်း၊ မိုးကုတ်မြို့၊ ကျပ်ပြင်ရပ်နေ ကိုထွန်းကျော်-မသန်းစိန်(ဇာနည် အထွေထွေရောင်းဝယ်ရေး)တို့၏မွေးဖခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ ပဲခူးမြို့၊ သနပ်ပင်လမ်း၊ အမှတ်(၃၅၆)နေ ဒေါ်အေးအေးမော်(မြန်မာ့စီးပွားရေးဘဏ်-ရုံးချုပ်၊ စာရင်းဌာန၊ ရန်ကုန်)၏ ခင်ပွန်းသည် ၂၀-၂-၂၀၀၄ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၀၄ (အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းမြင့် (၆၂)နှစ်
(ထားဝယ်)
(မိုးကုတ်ယောဂီ)

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၄)၊ တိုက်အမှတ်(၁၃၀/၃)နေ (ဦးအဖိ-ဒေါ်သိန်းငွေ)တို့၏ သမီး၊ ဦးထူးညွန့်၏ ဇနီး၊ မသင်းသင်းဦး (အလက-၂၊ သဃ်္ဃန်းကျွန်း၊ငြိမ်း)၊ ကိုကျော်ဇေယျ-မသင်းသင်းနု (မြို့တော်စည်ပင်/ထုတ်လုပ်ရေးဌာန)၊ ကိုအောင်ဝင်း-မသင်းသင်းညွန့်၊ ဒေါက်တာသင်းသင်းဌေး(သံတွဲဆေးရုံ)၊ ကိုသက်ဦး-မသင်းသင်းယုတို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၀၄(စနေနေ့)နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာမည် ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း
ဒါယိကာမကြီး
ဒေါ်ရီရီဝင်း(ခ)
Anna Thein Han
အသက်(၅၉)နှစ်
အထက(၂)၊ ရန်ကင်း(ငြိမ်း)
(ပုသိမ်)

ပုသိမ်မြို့နေ (ဦးသိန်းဟန်-ဒေါ်တင်မေ)(UBA)တို့၏ တတိယသမီး၊ ရန်ကုန်မြို့၊ ဘောက်ထော်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သီရိရတနာရိပ်သာ၊ မေတ္တာလမ်း၊ အမှတ်(၂၀)နေ (ဦးလှမောင်-ဒေါ်ဒေါ်သန်း၊ သစ်ကုန်သည်)တို့၏ သမီးချွေးမ၊ ဦးကျော်ဇော(ဒါရိုက်တာ၊ Explorers Consulting Co.)၏ ချစ်လှစွာသောဇနီး၊ မချောစုဝင်း B.Sc(Bio Tech)၊ မခိုင်ဇင်ဝင်း B.A(Eng) (MBA-I) မြန်မာဝူရှူးလက်ရွေးစင်၊ မထက်ဝင်းသန်း B.A(Eco)၊ မမြတ်နှင်းခိုင်ဝင်း (Final Eco)(Middle East Travel & Tour)တို့၏ မိခင်သည် ၂၂-၂-၂၀၀၄ ရက် နံနက်၁၀:၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ရဟန်း၊ဒါယကာကြီး
ဦးညွန့် (၇၁)နှစ်
(CDC-2299.G.WING Co.Ltd)
ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)
(ရာသက်ပန်အသင်းဝင်)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊၇/အရှေ့ရပ်ကွက် အောင်သပြေအနောက် (၅)လမ်း၊ အမှတ်(၂)နေ ဒေါ်ကျင်ဆိုင်၏ ခင်ပွန်း၊ (ဦးစန်းလွင်)-ဒေါ်လှိုင်မိမိ (တွဲဖက်ပါမောက္ခ၊ မြိတ်တက္ကသိုလ်)၊ ဦးကျော်လွင် (Best Wind Co.Ltd) ဒေါ်အေးအေးသင်း၊ ဒေါ်ဆွေဆွေနိုင်၊ ဦးဇော်ဇော်ညွန့် (Kanthon Kaiun Co.,Ltd)ဒေါ်အေးအေးမြင့် (Tet Kham Co.Ltd)၊ဒေါ်ချိုချိုလွင်(အလက-မှုဆယ်)၊ မတင်ဆုလဲ့ကျော်(တွဲဖက် အထက-၂၊ ဗိုလ်တထောင်)တို့၏ဖခင်သည်၁၉-၂-၂၀၀၄(ကြာသပတေးနေ့)တွင် ကွယ်လွန်ပါ၍ ၂၃-၂-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁ နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီ ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဦးတင်အေး(ခ)ဦးလှရွှေ
အသက်(၇၁)နှစ်
ဒေါပုံသင်္ဘောကျင်း(ငြိမ်း)

ရန်ကုန်တိုင်း၊ သာကေတမြို့၊ ၁/အနော်မာအရှေ့(၅)လမ်း၊ အမှတ်(၂၁၅)နေ (ဦးမှူ-ဒေါ်မြ)တို့၏သား၊ (ဒေါ်ညွန့်ရီ)၏ခင်ပွန်း၊ ကိုခင်အောင်(ခ) ကိုတင်ဝင်းအောင်၊ ကိုဌေးဝင်း၊ ကိုနွဲ့လွင်(ခ) ကိုပေါက်-မတင်တင်မူ၊ မောင်ဝင်းနိုင်ဦး-မအေးအေးသန်း၊ ကိုဝင်းကို၊ ကိုကြည်လွင်-မမြင့်မြင့်သန်း၊ မောင်မျိုးဝင်း-မချိုချိုစန်း၊ မအေးအေးသင်းတို့၏ ဖခင်၊ မြေးသားတို့၏အဘိုးသည်၂၁-၂-၂၀၀၄ (စနေနေ့) ညနေ၄:၁၅နာရီတွင် ကွယ်လွန်ပါ၍ ၂၃-၂-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ၁၂:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ကြည်ဝင်း(ခ)
ဒေါ်ဝင်းကြည် (၅၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သုခလမ်း၊အမှတ်(၄၉) ၄လွှာနေ (ဦးဘအောင်-ဒေါ်ညွန့်)တို့၏ သမီးငယ်၊ (ဦးဝိုင်း-ဒေါ်အန်)တို့၏ သမီးချွေးမ၊ (ဦးသိန်းကြွယ်)-ဒေါ်ခင်သန်း၊ (ဦးမောင်ညို)-ဒေါ်သန်း၊(ဦးဝင်းမောင်-ဒေါ်ဖွားစိန်)၊ ဦးထွန်းမြင့်-ဒေါ်ဝင်းမြင့်၊ ဦးအောင်မြင့်-ဒေါ်သန်းရွှေ၊ ဦးနေဝင်း-ဒေါ်မြင့်မြင့်ကြည်တို့၏ညီမ၊ ဦးစိုးသိန်း-(ဒေါ်သန်းဝင်း) တို့၏အစ်မ ဒေါ်ကြည်ကြည်ဝင်းသည် ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့) နံနက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍၂၄-၂-၂၀၀၄ (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသန်းဌေးမြင့်(မြိတ်)
အသက်(၄၇)နှစ်

မြိတ်မြို့၊တလိုင်းစုရပ်၊ရုံးလမ်း၊အမှတ်(၄၀)နေ ဦးအောင်မြင့်-ဒေါ်သိန်းသိန်းရီတို့၏ ဒုတိယသား၊ ဦးဖေအေးသွင်-ဒေါ်တင်စိန်တို့၏သားသမက်၊ ဒေါ်မြမြအုန်း၏ခင်ပွန်း၊ မောင်ဥက္ကာဌေး၊ မောင်စကြာဌေးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ (ဦးဝင်းနိုင်မြင့်) - ဒေါ်ရှုတင်တို့၏ညီ၊ ကိုခင်မောင်ဝင်း-မဥမ္မာမြင့်၊ ကိုထွန်းကျော်မြင့်-မညီညီစိုး၊ကိုဝင်းမြင့်- မသီဂီမြင့်၊ ကိုညီညီမြင့်၊ မသီတာမြင့်တို့၏ အစ်ကို၊ တူ၊ တူမ ၁၃ယောက်တို့၏ ဘကြီးသည် ၁၉-၂-၂၀၀၄ရက် မွန်းလွဲ ၂:၁၅နာရီတွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၃-၂-၂၀၀၄(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(အမှတ်(၂၄)၊ ဒုတိယထပ်(ယာ)၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လွေဌေး (၁၀၁)နှစ်
(မြိတ်မြို့)
ကိုကျော်သန်းနှင့်ညီများ အထည်ဆိုင်
(မင်္ဂလာဈေး)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ လသာလမ်း၊ အမှတ် (၁၀၅)၊ ပထမထပ်နေ (စောထိုင်လင်း)၏ဇနီး၊ဦးထွန်းဝင်း-ဒေါ်စပယ်၊ ဦးမောင်ချမ်း-ဒေါ်ရှုလွှမ်းတို့၏ မိခင်၊ ကိုဟန်သိန်း-မဝင်း၊ ကိုကျော်သန်း-မလှလှဝင်း၊ ကိုကျော်မင်း-မစောနှင်းဖြူ၊ မသန်းသန်းနု၊ မသန်းသန်းနွဲ့၊ မောင်မင်းလွင်၊ မောင်သိန်းမင်းထိုက်၊ မအေးချမ်းမွန်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၁-၂-၂၀၀၄ (စနေနေ့) နံနက်၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၀၄(တနင်္လာနေ့) နံနက်၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးဘစီ(၈၆)နှစ်
(မော်ကွန်းဝင်ဒုတိယဆင့်)
(မင်းလှမြို့)

ပဲခူးတိုင်း၊ မင်းလှမြို့၊ မိုးညိုတန်းလမ်းနေ (ဒေါ်သန်းညွန့်)၏ ခင်ပွန်း၊ (ဦးနိုင်ဝင်း)-ဒေါ်တင်ထွေး၊ ဒေါ်လဲ့လဲ့စီ၊ ဦးနိုင်လင်း၊ (ဦးကျော်ဆန်း)၊ ဗိုလ်မှူးဝင်းအောင်(ငြိမ်း)-ဒေါ်နန်းရုန်လာ၊ ဒေါ်မြင့်မြင့်စီ(အထက၊ မင်းလှ)၊ ဦးဝင်းမြင့်-ဒေါ်ခိုင်မာစီ(အမက-၇၊ ဥက္ကံမြို့)၊ ကိုဌေးဝင်း(ကပရမင်းလှ) - မတင်ဝင်း၊ (ကိုသန်းအေး)-မဌေးနိုင်စီ (အမက၊ မြောက်ဘက်တန်း၊ မင်းလှ)၊ မခိုင်ညွန့်စီ၊ ကိုကျော်သူတို့၏ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၂၂-၂-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂၄-၂-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် မင်းလှမြို့ အနောက်သုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ရီရီနွယ်(၅၄)နှစ်
မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ
(အင်းစိန်၊ မလှိုင်)

ရန်ကုန်မြို့၊ အင်းစိန်(၇၂၁)၊ ပိန္နဲကုန်းရွာသစ်၊ (၂)လမ်းနေ (ဦးဝိုင်မျိုးဆွေ)-ဒေါ်သန်းနွယ်တို့၏ သမီး၊ မလှိုင်မြို့၊ ထန်းတောရပ်နေ (ဦးကျော်အေး)-ဒေါ်ပုလေးတို့၏သမီးချွေးမ၊ ဦးဝင်းနွယ် (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မျိုးစေ့ဌာနခွဲ)၏ ချစ်လှစွာသောဇနီး၊ ဦးဝိုင်မျိုးငွေ (Henseatic Shipping)-ဒေါ်ခင်ခင်သစ်၊ ဦးအောင်ထွန်း(သချာအောင်ထွန်း)-ဒေါ်ရီရီနု(အထက-၄၊ အင်းစိန်)၊ ဦးရော်ဘင်-ဒေါက်တာရီရီ သွယ်(မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ တနိုင်းမြို့)၊ ဒေါ်ရီရီဆွေ(တွဲဖက်မြို့နယ်တရားသူကြီး၊ အလုံမြို့နယ်)၊ ဒု-ရဲအုပ် မျိုးသန့် (လားရှိုး)-ဒေါ်သီသီခိုင် (မူ/ပြ)တို့၏ အစ်မ၊ မောင်စမ်းမောင်မောင်နွယ် (ဒု-နှစ်၊ မြန်မာစာ)၊ မမိုးမိုးနွယ်(2nd Year EP.GTC မှော်ဘီ)၊ မောင်အောင်ပြေမိုးကျော် (ဆဋ္ဌမတန်း-G၊အထက-၂၊ မရမ်းကုန်း)တို့၏ မိခင်၊ ဒေါ်ရီရီနွယ်သည် ၂၁-၂-၂၀၀၄ရက် ည၇:၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃-၂-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဝတ်ပြုကိုးကွယ်ပြီးမီးသဂြိုဟ်ပါမည်။

(အမှတ်၃၊ အခန်း၁၊ စိုက်ပျိုးရေးဝင်း၊ ကြို့ကုန်း၊ အင်းစိန်နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါက်တာရဲမင်းစိုး(၅၃)နှစ်
ဒု/တိုင်းကျန်းမာရေးဦးစီးဌာနမှူး
(မကွေးတိုင်း)

တောင်သာမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဦးမောင်စိုး၊ ဒေါ်ယဉ်ယဉ်စိုး၏ သားကြီး၊ရန်ကုန်မြို့၊ အမှတ်(၃၃/က)၊ ဖိုးရာဇာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်နေ ဦးတင်အောင်-ဒေါ်ကြည်ကြည်အေးတို့၏ သားသမက်၊ ရန်ကုန်မြို့(၄၈)မိုးကောင်းဘုရားလမ်း၊ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်နေ ဒေါ်သန်းသန်းအေး [အမှတ်(၁)နယ်မြေ၊ စည်ပင်မြို့နယ် ဥပဒေအရာရှိ၊ စမ်းချောင်းမြို့နယ်]၏ ခင်ပွန်း၊ မောင်ဝေယံရဲမင်းစိုး၊ (1BT-IT၊အစိုးရနည်းပညာကောလိပ်၊သန်လျင်)၊ မကေသွယ်ရဲမင်းစိုး (4th BDS)တို့၏ မွေးသဖခင်၊ ဦးမြင့်ဝေ-ဒေါ်လှလှတို့၏ ညီ၊ ဦးသိန်းထွန်းအောင်-ဒေါ်မြမြအေး၊ ဦးတင်မောင်ဝင်း-ဒေါ်တင်တင်အေး၊ ဦးသန်းအောင်၊ ဒေါ်မြင့်မြင့်ကြည်၊ ဦးအောင်သန်း-ဒေါ်မြင့်မြင့်သိန်း၊ ဦးရန်အောင်-ဒေါ်အေးအေးသန်း၊ ဦးဗိုလ်ဗိုလ်ထွန်း-ဒေါ်ဝင်းဝင်းအေး၊ ဦးရဲဝင်းစိုး၊ (ဦးခင်အောင်စိုး)တို့၏ အစ်ကိုကြီးသည် ၂၁-၂-၂၀၀၄ရက် နံနက်၂နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်ပါ၍ ၂၅-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဝိဇ္ဇာဓရ
သိက္ခာတော်(၉)ဝါ၊သက်တော်(၄၂)နှစ်
ရွှေလှိုင်အုတ်ကျောင်း၊ ကြည့်မြင်တိုင်

သာယာဝတီမြို့နယ်၊ အင်းရွာနေ(ဦးမြဟန်-ဒေါ်ခင်ညွန့်)တို့၏ မြေး၊ အမှတ်(၇၇)၊ဗားကရာလမ်း၊ကြည့်မြင်တိုင်မြို့နယ်နေ (ဦးကျော်စိန်-ဒေါ်လှမြင့်)တို့၏သား၊ဒေါ်ခင်အုန်းမြင့်၏ တူ၊ ကိုယုအောင်-မစန်းစန်းလွင်(ပြည်သူ့လွှတ်တော်ရုံး)တို့၏ညီ/မောင်၊မထွေးထွေးအေး(မြန်မာ့ကြွယ်ငါးပွင့်)၊ ကိုမျိုးမင်းစိုး-မဝင်းဝင်းမာ၊ ကိုသောင်းထိုက်(ကညန)တို့၏ အစ်ကိုဖြစ်သူ ဦးဝိဇ္ဇာဓရ(ခ) ဦးဝင်းမြင့်ထွန်းသည် ၂၁-၂-၂၀၀၄ရက် ည ၉:၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၃-၂-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ကြည့်မြင်တိုင် ကျောင်းကြီးတိုက်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ကြည်ဝင်း(ခ)ဒေါ်ဝင်းကြည်
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျောက်မြောင်း၊ သုခလမ်း၊အမှတ်(၄၉) ၄လွှာနေ (ဦးဘအောင်-ဒေါ်ညွန့်)တို့၏သမီးငယ်၊ (ဦးဝိုင်း-ဒေါ်အန်)တို့၏သမီးချွေးမ၊ ဦးမြင့်စိုး-ဒေါ်ရိမ်၊ဦးအုံးခိုင်-ဒေါ်အေးမြင့်၊ ဦးချာလီချီးယား-ဒေါ်နုနုရင်၊ ဒေါ်ကေတီချီးယားတို့၏ညီမ၊ ဦးအောင်ဖြိုးထွန်း-ဒေါ်လီလီတို့၏ အစ်မ၊ ဦးလှအောင်(ခ) ဦးဘော်ဘီချီးယား(ဂျာမန်သံရုံး)၏ ချစ်လှစွာသောဇနီး၊ကိုကျော်စိုးသိန်း၊ မောင်ကျော်စိုးဟိန်း(VIII- C၊ထ-၁၊တာမွေ)တို့၏ချစ်လှစွာသောမိခင်သည် ၂၂-၂-၂၀၀၄ (တနင်္ဂနွေနေ့)နံနက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွား ပါသဖြင့် ၂၄-၂-၂၀၀၄(အင်္ဂါနေ့) ညနေ ၄နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်(ခ)ဒေါ်လှမြင့်
အသက်(၆၄)နှစ်
ရှမ်းစုကြီးကျေးရွာ၊ တွံတေးမြို့

ရန်ကုန်မြို့၊ စမ်းချောင်း၊ ရှမ်းရိပ်သာလမ်း၊ ခြံအမှတ်(၂၂-A)နေ (ဦးကံညွန့်-ဒေါ်ထွေး)တို့၏ သမီးကြီး၊ ဦးကျော်မြင့် (ဒု-စာရင်းကိုင်ချုပ်-၁၊ ငြိမ်း၊ ရပက)-ဒေါ်သန်းသန်းယဉ်၊ (ဦးကျော်ရင်)-ဒေါ်သွင်စိန်တို့၏ ညီမ၊ ဦးကျော်လှိုင်-ဒေါ်တင်တင်ဦး(ကျော်-မော်တော်စတိုး၊ ပါရမီ)၊ ဒေါ်သန်းသန်း၊ ဒေါ်ချိုချို(ဦးစီးအရာရှိ၊ ကြေးမြေရုံးချုပ်)တို့၏ အစ်မ၊ မောင်ဆန်နီ၊ နီနီအောင်၊ Dr.ခင်မောင်လေး(Koe & T-Care Dental Clinic)-ဒေါ်ခင်အေးအေးမွန်(ဒါရိုက်တာ၊ ATG Co., Ltd)၊ မောင်မောင်ကျော်(ကျော်-မော်တော်)၊သီတာ၊စိမ်းမြခိုင်၊အောင်ကျော်မိုး၊ စိုးစိုးအိ၊ မောင်ရဲထွဋ်၊ နုနုထွေး၊ မိုးမိုးအောင်၊ မောင်ဟန်လင်းမြင့်တို့၏ ကြီးကြီး၊ မောင်ဖြိုးကျော်သူ(ခ) Jack (TTC၊ပတန်း)၊မောင်အောင်ကျော်ဇင်(ခ) Jakeတို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည်၂၂-၂-၂၀၀၄ရက် ညနေ ၆:၀၅ နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၄-၂-၂၀၀၄ရက်မွန်းတည့် ၁၂နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါ။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အေးသစ်(မြင့်မြင့်)
အသက်(၆၄)နှစ်
(သုဝဏ္ဏ)

သုဝဏ္ဏမြို့၊(၂၄)ရပ်ကွက်၊ သံသုမာလမ်း၊တိုက်(၄)အခန်း(၃)နေ (ဦးစိန်ဟန်-ဒေါ်အုန်းခင်)တို့၏ သမီး၊(ဦးမောင်မောင်ကြီး-ဒေါ်သန်းကြည်)တို့၏ သမီးချွေးမ၊ (ဦးသန်းထွန်း)၏ ဇနီး၊ ဦးခင်မောင်လတ်-ဒေါ်ခင်ခင်ထွန်း၊ ဦးတင့်ဆွေ-ဒေါ်အေးအေးထွန်း၊ ဒေါ်ထွေးထွေးထွန်း (အထပြ၊ထ-၂၊မ/ဥက္ကလာ)၊ ဦးသောင်းဒန်-ဒေါ်ခင်စန္ဒာ၊ ဒေါ်မာမာမိုးထွန်း (မြန်မာ့သစ်လုပ်ငန်းရုံးချုပ်)တို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၂၁-၂-၂၀၀၄(စနေနေ့) ညနေ ၃:၅၅ နာရီတွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်ပါ၍ ၂၃-၂-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် စံပြဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ ၁၂:၄၅ နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးဂျော့စိန် (၄၆)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတား မြို့နယ်နေ(ဦးစိန်)-ဒေါ်ခင်မူတို့၏ သား၊ ဒေါ်လှလှအေး၊ ဒေါ်ခင်သီတာ၊ ဒေါ်မေရီစိန်-(ဦးဂျော်လီဝင်း)တို့၏ မောင်၊ မလီလီစိန်၊ မအယ်နီစိန်-(ကိုကြည်လှိုင်)တို့၏ အစ်ကို၊ မန္တယ်နီလွင်နှင့် တူ၊ တူမ ခုနစ်ယောက်တို့၏ ဦးလေးသည် ၂၂-၂-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၄-၂-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ် အမှတ် ၁၁၃/၆ လွှာ၊ လမ်း ၅၀(အလယ်)နေအိမ်မှ ဆွေမျိုးမိတ်သင်္ဂဟများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိန်ဦး(၇၈)နှစ်
(တွံတေး၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၁၂)နေ (ဦးဘိုးသာ-ဒေါ်စိန်သင်)တို့၏ သား၊ (ဦးဘတင်-ဒေါ်သိန်း)၊ ဦးထွန်းကျင်-(ဒေါ်စန်းကြည်)၊ (ဦးသီ-ဒေါ်ပို)၊ ဦးကျင်သိန်း-ဒေါ်အုံး၊ ဦးလှိုင်-(ဒေါ်ညို)တို့၏အစ်ကို၊ဒေါ်စော၊(ဒေါ်ခင်ရီ) တို့၏ ခင်ပွန်း၊ ဦးဌေးအောင်-ဒေါ်ဘေဘီသန်း၊ မောင်သိန်းလှိုင်၊ မောင်မျိုးမင်း-မခင်ခင်နွယ်၊ မဝါဝါ၊ မောင်ရဲထွန်း၊ မောင်ဌေးနိုင်-မလဲ့လဲ့တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၂-၂-၂၀၀၄ ရက် နံနက်၃နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၄-၂-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့်၁၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်လှရီ (၇၂)နှစ်

ခရမ်းမြို့နေ(ဦးဖေကွန့်-ဒေါ်အေးကြိုင်)တို့၏သမီး၊ ဦးမင်းဇော်-(ဒေါ်လှလှမြင့်)(ငွေကြေးစည် မှန့်တိုက်ပြင်ဦးလွင်) တို့၏ ညီမ၊ ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဦးစံဖေလမ်း၊ ခြံအမှတ်(၁၈)နေ (ဦးမြသိန်း)၏ ဇနီး၊ ဦးနိုင်အောင်(ဦးစီးမှူး၊ မုန်းချောင်းစီမံကိန်း၊ ဆ/မ)-ဒေါ်မေမေခင်၊ ဦးလှိုင်အောင်(ခ)ဦးပိုင်-ဒေါ်ဌေးကြည်(ငွေနှင်းဖြူထမင်းဆိုင်)၊ ဦးခင်ကြည်-ဒေါ်သန်းသန်းအေး၊ ဦးဟန်စိန်၊ ဦးသက်ထွေး-ဒေါ်ညွန့်အေးစိုး(ဖီလင်စားသောက်ဆိုင်)၊ ဦးအုန်းလွင်၊ ဦးကျော်မင်း-ဒေါ်စန္ဒာဝင်းတို့၏ မွေးသမိခင်၊ မြေး၁၈ယောက်တို့၏ အဘွားသည် ၂၁-၂-၂၀၀၄ ရက် မွန်းလွဲ ၁၂:၄၅နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ကွယ်လွန်ပါ၍ ၂၅-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂:၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒုတကကျော်ကျော်(၃၆)နှစ်
(ပုသိမ်)

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ ဓမ္မရက္ခိတ လမ်းသွယ် (၂)၊ အမှတ်(၁၇)နေ ဦးကေဗဟာဒူး (အရာခံဗိုလ်အငြိမ်းစား) - ဒေါ်ခင်လှတို့၏သားထွေး၊ ဒု-အရာခံဗိုလ် ဦးကျင်အောင်(ကျိုင်းတုံ)-ဒေါ်ဒေါ်လီ(အလက-၅၊ မင်္ဂလာဒုံ)၊ ကိုမျိုးတင့် (တပ်ကြပ်ကြီးအငြိမ်းစား)-မရီတာ၊ ဦးပရော်ဗီ (ကြီးကြပ်ရေးမှူး၊ မထသ၊ခွဲ-၅)၊ ဦးလှိုင်ကြည်ဝင်း(စက်မှု-၁)-မမော်လီ၊ ဦးကာကျော်(ဒု-ခွဲမှူး၊မထသ၊ခွဲ-၆)-ဒေါ်ပြုံး (အလက-၆၊ စာဘူးတောင်း)၊ ဦးစိုးနိုင်-ဒေါ်နယ်လီ(ဆားလုပ်ငန်း၊ မော်လမြိုင်မြို့)၊ဦးကိုပါ-မရှယ်လီတို့၏ ညီ/မောင်၊ တူ၊ တူမ ၁၃ ယောက်တို့၏ ဦးလေး၊ မသီတာဦး၏ ခင်ပွန်းသည် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးတွင် ၂၂-၂-၂၀၀၄ ရက်ညနေ၃နာရီတွင် ကွယ်လွန်ပါ၍ ၂၄-၂-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး အအေးတိုက်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၆၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ပုဂံညောင်ဦးမြို့ ရှေးဟောင်းစေတီတော်အမှတ်(၈၆၀)နှင့်(၈၆၁) စေတီတော်နှစ်ဆူ ရွှေထီးတော်တင်မင်္ဂလာအခမ်းအနား ကျင်းပ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စိန်ဖူးတော် တင်လှူ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက မြန်မာ့လေကြောင်းဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ နံနက် ၈နာရီခွဲတွင် မန္တလေးတိုင်း ပုဂံညောင်ဦး လေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ကျောက်ပန်းတောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် စစ်ဘက် နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံညောင်ဦးမြို့ ရှေးဟောင်းစေတီအမှတ်(၈၆၀)နှင့်(၈၆၁)သို့ ရောက်ရှိကြသည်။

မန္တလေးတိုင်း ပုဂံညောင်ဦးမြို့ရှိ ရှေးဟောင်းစေတီတော် အမှတ်(၈၆၀) နှင့် (၈၆၁)စေတီတော်နှစ်ဆူတို့အား ရွှေထီးတော်တင်လှူခြင်းမင်္ဂလာ အစီအစဉ်ကို နံနက်၉နာရီတွင် အဆိုပါစေတီတော်တို့၌ ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ပူဇော်ကြည်ညိုသည်။

မင်္ဂလာအခမ်းအနားသို့ အောင်မြေဗောဓိဓမ္မရိပ်သာ ပဓာန နာယက အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရိယာဝံသအမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ခရိုင်၊မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ ငွေကျပ်သိန်း ၇၀၀အလှူရှင် ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီ လီမိတက်မှ ဒေါက်တာအောင်လွင်နှင့် ဇနီးဒေါ်သက်စန္ဒာမိသားစုနှင့် ဦးလှသန်း၊ဇနီး ဒေါ်ခင်သန်းရီ မိသားစုများ၊ဘုရားဖူးများနှင့်ဒေသခံ ပြည်သူများ တက်ရောက်ပူဇော်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တ အရိယာဝံသအမှူးပြုသော ဆရာတော် သံဃာတော်တို့အား ပူဇော်ကန်တော့ကြသည်။

ပင့်ဆောင်

ထို့နောက် အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များသည် ရှေးဟောင်းစေတီတော် အမှတ်(၈၆၀) နှင့် (၈၆၁)တို့၏ စိန်ဖူးတော်များကို တပ်မတော်(လေ) မြလေယာဉ်ထီး တော်တင်အဖွဲ့၏ ရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

မင်္ဂလာအချိန်တွင် အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တ အရိယာဝံသ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စေတီ အမှတ်(၈၆၁) ငြမ်းအထက်သို့ တက်ရောက်၍ ဥပါသကာများ တင်လှူ ပူဇော်ထားပြီးဖြစ်သည့် ရွှေထီးတော်ဘုံဆင့်နှင့် ငှက်မြတ်နားတော်အပေါ်၌ စိန်ဖူးတော်ကို တင်လှူပူဇော်ကြသည်။ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နား တော်နှင့် ထီးတော်ဘုံဆင့်များကို နံ့သာရည်များပက်ဖျန်း၍ ရောင်တော်ဖွင့် ပူဇော်ကြသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** *

စိန်ဖူးတော် တင်လှူပူဇော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပုဂံ-ညောင်ဦးမြို့ ရှေးဟောင်းစေတီတော် အမှတ် (၈၆၀) အထွတ်၌ စိန်ဖူးတော် တင်လှူပူဇော်စဉ်။

(သတင်းစဉ်)

စက်ရေတွင်း ကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင် ရွက်ခဲ့သည့် ကျပ်ပြည့်ကျေးရွာ စက်ရေတွင်းကို ကြည့်ရှုစဉ်။

(သတင်းစဉ်)

အိမ်တွင်းစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲ ရက်တိုးမြှင့်ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော "သွင်းကုန်အစားထိုး အိမ်တွင်းစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဆွေးနွေးပွဲ ၂၀၀၄"ကို တတိယနေ့အဖြစ် ယနေ့နံနက် ၉နာရီမှ ညနေ ၆နာရီအထိ မြောက်ဥက္ကလာပမြို့နယ် သုခမ္မာလမ်းရှိ ယင်းဦးစီးဌာနရုံးချုပ်ဝင်းအတွင်း၌ ဆက်လက် ခင်းကျင်းပြသရာ ပြပွဲလာပြည်သူများနှင့် စည်ကားလျက်ရှိသည်။

အဆိုပါပြပွဲတွင် စက်မှုလက်မှုလုပ်ငန်း သမဝါယမအသင်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ပြခန်းပေါင်း ၅၄ခန်းဖြင့် ခင်းကျင်းပြသထားရာ စိတ်ပါဝင်စားသူ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စက်မှုလက်မှု ပညာရှင်များ လာရောက်ကြည့်ရှုကြသည်။

အဆိုပါပြပွဲကို ပြပွဲလာပြည်သူများ၏ တောင်းဆိုချက်အရ ဖေဖော်ဝါရီ ၂၃နှင့် ၂၄ရက်အထိ တိုးမြှင့်ပြသမည်ဖြစ်ပြီး ပြပွဲအချိန်ကို နံနက် ၉နာရီမှ ည ၈နာရီအထိ တိုးမြှင့်ပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်သည်။

(သတင်းစဉ်)